# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 18 September 2025 ၁၁၉၄၄


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ယနေ့ ဖတ်စရာ**


မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်းက နေပြည်တော်ရှိ ဝန်ကြီးဌာနနှင့် ရုံးအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် အိမ်သုံးဆိုလာမီးအိမ်များ ပေးအပ်လှူဒါန်း — စာမျက်နှာ ၅

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲ တို့ဆင်နွှဲမည် ... — ဆောင်းပါး စာမျက်နှာ ၆

လေ့လာမှတ်သား SCO အပေါ်ထားတဲ့ အိန္ဒိယနိုင်ငံရဲ့ ရည်မှန်းချက်နဲ့ သဘောထားများ — နိုင်ငံတကာဆောင်းပါး စာမျက်နှာ ၁၂

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီ၏ (၇၅)နှစ်မြောက် မွေးနေ့ကျင်းပ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများက မွေးနေ့ဆုတောင်းစကားများ အသီးသီးပေးပို့ — စာမျက်နှာ ၁၃





နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

### မြန်မာနိုင်ငံအနေဖြင့် ပြခန်းပေါင်း ၁၂၀ နှင့် နှစ်လိုဖွယ်ရာမြို့ပြခန်းဆောင်တို့ကို ပါဝင်ပြသ

**နေပြည်တော် စက်တင်ဘာ ၁၇**

(၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဟန်ကျင့်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ယခုနှစ်အတွက် အထူးမိတ်ဖက်နိုင်ငံဖြစ်သည့် သီရိလင်္ကာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့အကြီးအကဲများ၊ အာဆီယံနိုင်ငံများနှင့် ဖိတ်ကြားထားသည့်နိုင်ငံများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




ကြေးမုံ

# လူမှုကွန်ရက်စနစ်ကိုအသုံးပြု၍ တရားမဝင်စီးပွားရေးလုပ်ကိုင်မှုသတိပြု

လူမှုကွန်ရက်များသည် အများပြည်သူတို့ကို အကျိုးပြုနိုင်ရန်အတွက် တည်ဆောက်ထားခြင်းဖြစ်သည်။ လူမှုကွန်ရက်များသည် ပြည်သူများအတွက် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်သလို မသမာသူများက လူမှုကွန်ရက်များကိုအသုံးပြု၍ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု၊ သတင်းတု၊ သတင်းမှားများ ဖန်တီးမှု၊ တရားမဝင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်မှုနှင့် အကြမ်းဖက်အားပေး အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုများကိုလည်း သတိပြုကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာတွင် တိုးတက်ထွန်းကားလာသော နည်းပညာများကိုအသုံးပြု၍ လူမှုကွန်ရက်များပေါ်၌ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူအား ထိခိုက်နစ်နာစေနိုင်သော ဒုစရိုက်လုပ်ငန်းများနှင့် အဖျက်အမှောင့်လုပ်ငန်းများ ပေါ်ပေါက်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဝိသမလောဘသားများအနေဖြင့် ဒုစရိုက်ဂိုဏ်းများ၊ အကြမ်းဖက်အားပေး ပြည်ပြေးများနှင့်ပူးပေါင်းကာ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်ခြင်း၊ လောင်းကစားမှုများပြုလုပ်ခြင်း၊ တရားမဝင်ထီနှင့် တရားမဝင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်၍ ကိုယ်ကျိုးစီးပွားရှာဖွေရန်၊ အကြမ်းဖက်သမားများအား ထောက်ပံ့နိုင်ရန် ပြုလုပ်နေကြသည်ကို တွေ့ရသည်။

နိုင်ငံတော်အစိုးရသည် ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအား ဥပဒေနှင့်အညီဖြစ်စေရေးအတွက် လိုအပ်သည့်အမိန့်များ ထုတ်ပြန်ပေးလျက်ရှိရာ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကိုလည်း အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် အမိန့်ထုတ်ပြန် သတ်မှတ်ပေးခဲ့ပြီးဖြစ်သည်။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို ညွှန်ကြားချက်နှင့်အညီ ရောင်းချခွင့်မှတ်ပုံတင်လက်မှတ်မရှိဘဲ ပြည်တွင်း/ပြည်ပမှ တရားမဝင်ရောင်းချခြင်းကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးလျက်ရှိသည့်အပြင် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေလျက်ရှိသည်။ ပြီးခဲ့သည့်ရက်က အွန်လိုင်းမှတစ်ဆင့် တရားမဝင်ထီနှင့် ကုန်ပစ္စည်းများ ရောင်းဝယ်၍ အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ပေးလျက်ရှိသော DCS (သစ္စာမဲ့ဝန်ထမ်း)နှင့် အပေါင်းပါတစ်စုကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ NUG၊ PDF အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့မှုများပြုလုပ်နိုင်ရန်အတွက် လူမှုကွန်ရက်များပေါ်၌ အလှူခံခြင်း၊ တရားမဝင်ဈေးရောင်းချခြင်းနှင့် ချိတ်ဆက်ခြင်း၊ ရောင်းချသည့်ပစ္စည်းများအား ဝယ်ယူခြင်း၊ တစ်ဆင့်ခံပြန်လည်ရောင်းချခြင်း၊ ငွေကြေးလွှဲပြောင်းခြင်းများ ပြုလုပ်နိုင်ရန် အကူအညီများပေးခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်နေသူများကိုလည်း ရှာဖွေဖော်ထုတ်၍ အကြမ်းဖက်ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများက စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း NUG၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အချို့သော အကြမ်းဖက်အားပေးအဖွဲ့များနှင့် ပြည်ပြေးများအနေဖြင့် ဥပဒေမဲ့ စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေရှာဖွေ၍ အကြမ်းဖက်အဖွဲ့များ သက်ဆိုးရှည်စေရေးအတွက် ထောက်ပံ့ပေးလျက်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် မသမာသူများ၊ အကြမ်းဖက်အဖွဲ့များ၊ ပြည်ပြေးများနှင့် ချိတ်ဆက်ပြီး ကုန်ပစ္စည်းများဝယ်ယူခြင်း၊ တစ်ဆင့်ခံ ပြန်လည်ရောင်းချခြင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် အားပေးကူညီနေသူများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခြင်းခံရမည်ဖြစ်သည်။

သို့ဖြစ်ရာ မိဘပြည်သူများအနေဖြင့် NUG၊ PDF အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးကူညီရန်ရည်ရွယ်၍ တရားမဝင် အွန်လိုင်းစနစ်ဖြင့် ရောင်းချနေသူများနှင့် ဝယ်ယူသူများအား သိရှိရပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ပါကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန်အတွက် လူမှုကွန်ရက်များကိုအသုံးပြု၍ တရားမဝင်ဈေးရောင်းချလျက်ရှိသည့် လူမှုကွန်ရက်အကောင့်များနှင့် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်နေသူများကိုလည်း လုံခြုံရေးအဖွဲ့အစည်းများက ဆက်လက်၍ ထိရောက်စွာ ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ကို သတိပေးအပ်ပါကြောင်း။ ။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၃၈ / ၂၀၂၅**
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)
**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးဝင်းမြင့်
(၂) ဒေါ်စိုးခက်ခက်
(၃) ဒေါ်သင်းသင်းချို

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၃၉ / ၂၀၂၅**
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)
**တာဝန်မှ အနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဦးညိုထွန်းအား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ၁၇ - ၉ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၂၀၀ | ၁,၅၂၀,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၆,၅၉၆ | ၂၀,၇၇၇,၄၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၁၁၁ | ၈၃၂,၅၀၀ |
| FPB | ၂,၀၅၀ | ၂,၁၀၀ | ၁,၁၂၇ | ၂,၃၃၇,၉၅၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၈၀၇ | ၂,၀၉၈,၂၀၀ |
| EFR | ၁,၈၅၀ | ၁,၉၅၀ | ၂,၀၄၈ | ၃,၉၃၈,၈၅၀ |
| AMATA | ၃,၃၀၀ | ၃,၃၅၀ | ၆၂ | ၂၀၄,၇၅၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၅၀ | ၁၆၂,၅၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၁၅ | ၄၀,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တရုတ် – အာဆီယံ စီးပွားရေးခေါင်းဆောင်များ ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် စက်တင်ဘာ ၁၇**

"အာဆီယံကို ဉာဏ်ရည်တုနည်းပညာဖြင့် ချိတ်ဆက်၍ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းခြင်းမှ တစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုအနာဂတ်ကို မျှဝေခြင်း" ဆောင်ပုဒ်ဖြင့် တရုတ်–အာဆီယံ စီးပွားရေး ခေါင်းဆောင်များဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နန်နင်းမြို့ရှိ Grand Metropark Hotel ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာစွမ်းသဝေ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr. Kao Kim Hourn၊ တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ(CCPIT)မှ ဒုတိယအကြီးအကဲ၊ ASEAN– China Centre မှ အထွေထွေအတွင်းရေးမှူး၊ တရုတ်–အာဆီယံနိုင်ငံများမှကုန်သည်အသင်းဥက္ကဋ္ဌများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဖိုရမ်ကျင်းပရေးကော်မတီ အတွင်းရေးမှူးက AI နည်းပညာသုံးမျက်မှန် အသုံးပြုပုံကို မိတ်ဆက်ပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဖိုရမ်အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုဖိုရမ်သည် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးကဏ္ဍတွင် ဦးဆောင်နေကြသည့် ကုန်သည်အသင်းအဖွဲ့များအကြား စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်သည့် အခွင့်အလမ်းများကိုရရှိနိုင်မည့် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ ယခုအခါ အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN–China Free Trade Area–ACFTA) ကို ACFTA (အက်ဖ်တာ) ဗားရှင်း ၃.၀ သို့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ရေးကွင်းဆက်ချိတ်ဆက်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးသူကာကွယ်ပေးရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများစသည့် နယ်ပယ်သစ်များတွင် နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအနေဖြင့် နယ်ပယ်သစ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို မျှဝေခံစားသွားနိုင်ကြမည်ဖြစ်ကြောင်း။

**☆ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN-China Free Trade Area-ACFTA)ကို ACFTA (အက်ဖ်တာ) ဗားရှင်း ၃.၀ သို့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ရေးကွင်းဆက်ချိတ်ဆက်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးသူ ကာကွယ်ပေးရေးနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများစသည့် နယ်ပယ်သစ်များတွင် နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်နိုင်မည်**

**☆ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအနေဖြင့် နယ်ပယ်သစ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို မျှဝေခံစားသွားနိုင်ကြမည်**

AI နည်းပညာကို နယ်ပယ်ကဏ္ဍအသီးသီးတွင် ကျယ်ပြန့်စွာ အသုံးပြုလာသည်နှင့်အမျှ လွဲမှားစွာ အသုံးချမှုနှင့် ဆိုက်ဘာလုံခြုံရေးကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပြီး မှန်ကန်သည့် နယ်ပယ်များတွင် မျှတစွာ အသုံးပြုသွားရန်လိုအပ်ကြောင်း၊ ယနေ့ကျင်းပသည့် တရုတ်–အာဆီယံ စီးပွားရေး ခေါင်းဆောင်များဖိုရမ်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ၊ CCPIT မှ ဒုတိယအကြီးအကဲ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နှင့် ASEAN– China Centre မှ အထွေထွေအတွင်းရေးမှူးတို့က မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ရှေ့ဖုံးမှ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားကျင်းပမည့် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက ကြိုဆိုနှုတ်ဆက်ပြီး အခမ်းအနားသို့တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားတွင် CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်း၊ တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ(CCPIT) ဥက္ကဋ္ဌတို့က အဖွင့်အမှာစကား ပြောကြားကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ယခုနှစ်တွင် မြန်မာနိုင်ငံသည် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ၏ Country of Honour အဖြစ် အလှည့်ကျတက်ရောက်ခြင်းဖြစ်ပြီး မိမိအနေဖြင့် ယခုကဲ့သို့ ထူးခြားလေးနက်သည့် အခမ်းအနားတွင် ပါဝင်တက်ရောက်ပြီး မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ ပြပွဲများကျင်းပခြင်းအားဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို နက်ရှိုင်းစေပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်များ ပူးပေါင်းဆောင်ရွက်ရာတွင် အရေးပါသည့် စကြီတစ်အခုအဖြစ် ပံ့ပိုးပေးနိုင်သည့်အတွက် တရုတ်–အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

**ပူးပေါင်းဆောင်ရွက်**

တရုတ်–အာဆီယံ ကုန်စည်ပြပွဲမှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှု၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် အားကောင်းလာစေရန်နှင့် ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမှုတို့ကို ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကို အထူးအလေးထားပါကြောင်း၊ မြန်မာနိုင်ငံ၌ AI နည်းပညာကို စီးပွားရေးလုပ်ငန်းရှင်များက အချို့ကဏ္ဍများတွင် အသုံးပြုလာကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ စားသောက်ကုန်များ၊ Safe Health AI အပါအဝင် နည်းပညာပြခန်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ ကျောက်မျက်လက်ဝတ်ရတနာများစသည့် ပြခန်းပေါင်း ၁၂၀ နှင့် မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ ပြခန်းဆောင်တို့ကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လာအိုနိုင်ငံ ဒုတိယသမ္မတ Mr. Bounthong Chitmany၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Oknha Men Sam An၊ မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Fadillah Yusof၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Mai Van Chinh၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr.Kao Kim Hourn နှင့် Mr.Zhang Bingnan တို့က မိန့်ခွန်းပြောကြားကြပြီး AI ဖြင့် ပြုလုပ်ထားသည့် 22nd CAEXPO အထိမ်းအမှတ် Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ၊ အာဆီယံနိုင်ငံများမှ အကြီးအကဲများနှင့်အတူ (၂၂)ကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဖိုရမ်ကို Digital Key ဖြင့် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတတို့သည် ကချင်ရိုးရာယဉ်ကျေးမှု အကအဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ (City of Charm) အဖြစ် မြစ်ကြီးနားမြို့ကို ရွေးချယ်သတ်မှတ်၍ ဖွင့်လှစ်ပြသထားရှိသည့် မြန်မာအမျိုးသားပြခန်းဆောင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မြန်မာအမျိုးသားပြခန်းဆောင်နှင့် (၂၂)ကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသသည့် မြန်မာနိုင်ငံ ကိုယ်စားပြု ကုန်စည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ယာယီနေရပ်စွန့်ခွာထိခိုက်လွယ်အုပ်စုများအတွက် အလုပ်အကိုင်ဖန်တီးနိုင်ရေးနည်းလမ်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၇**

တရားမဝင် ပြည်ပထွက်ခွာအလုပ်သမားများ လျော့ချနိုင်ရေး၊ အခြေခံအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် လုပ်ငန်းခွင်သက်သာချောင်ချိရေး၊ တိုင်းရင်းသားဒေသများမှ ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ထိခိုက်လွယ်အုပ်စုများအတွက် အလုပ်အကိုင်ဖန်တီးနိုင်ရေး နည်းလမ်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပသည်။

အစည်းအဝေးတွင် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ကော်မတီ၏လုပ်ငန်းစဉ်တစ်ရပ်အဖြစ် တရားမဝင်ပြည်ပသို့ထွက်ခွာပြီး အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများအား လျော့ချနိုင်ရေးအတွက် နိုင်ငံတော်နှင့် အလုပ်ရှင်များဘက်မှ ဆောင်ရွက်ပေးရမည့်ကဏ္ဍများ၊ လုပ်ငန်းခွင်တွင် ကျွမ်းကျင်အလုပ်သမားများရှားပါးလာမှု၊ အခြေခံအလုပ်သမားများ၏လူမှုဖူလုံရေး၊ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့်ပတ်သက်ပြီး အစိုးရနှင့် လုပ်ငန်းရှင်များဘက်မှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ တိုင်းရင်းသားဒေသများမှ ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာလာသော ထိခိုက်လွယ်အုပ်စုများအတွက် သင့်လျော်သောအလုပ်အကိုင်များ ရရှိနိုင်ရေးအတွက် သင်တန်းများပေးခြင်းအပြင် အလုပ်အကိုင် ဖန်တီးနိုင်ရေးနည်းလမ်းများနှင့် ပတ်သက်၍ အစိုးရနှင့်သက်ဆိုင်ရာလုပ်ငန်းရှင်များဘက်မှ ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကို ယနေ့ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးသည်။

အဆိုပါအစည်းအဝေးသို့ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



# တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေး လေလံပွဲကျင်းပ

**တောင်ငူ စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့မှုများကို ပြန်လည်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ထီးတော်ရွှေမိုက်ထုတ်လုပ်ရေးနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရေး၊ ရွှေဆိုင်းဝယ်ယူနိုင်ရေး လေလံပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ စေတီတော်မြတ်ကြီး၏ ရွှေမိုက်ထုတ်လုပ်ရေး တင်ဒါကော်မတီ သဘာပတိ တောင်ငူခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဦးမိုးကြည်မောင်က ရွှေမိုက်လေလံစနစ်တကျဆောင်ရွက်နိုင်ရေး၊ လိုအပ်သည့်ရွှေဆိုင်းဝယ်ယူခြင်း၊ ထီးတော်၊ ငှက်မြတ်နားတော်၊ လုံးတော်ပြည့် မျက်ပါးရွှေချလုပ်ငန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် လေလံပွဲသို့တက်ရောက်လာသော လုပ်ငန်းရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပက ဦးယဉ်ငွေးက လေလံနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များကို ရှင်းလင်းပြီး လေလံကိစ္စများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ထိုင်းဘုရင့်လေတပ်မှ Air Chief Marshal Punpakdee Pattanakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်ရန် မြန်မာနိုင်ငံသို့လာရောက်



**နေပြည်တော် စက်တင်ဘာ ၁၇**

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဖိတ်ကြားချက်အရ မြန်မာ-ထိုင်း နှစ်နိုင်ငံ လေတပ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန် အတွက် Bilateral Engagement Activities ဆိုင်ရာလှုပ်ရှားမှုများ ဆောင်ရွက်ရန် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ထိုင်းဘုရင့်လေတပ်မှ ATR-72 လေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ် စစ်သံမှူးနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က Jasmine Hotel ၌ လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံလေတပ်များအကြား ပူးပေါင်း ဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ တွေ့ဆုံပွဲအပြီးတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ထိုင်းဘုရင့်လေတပ်က ဦးစီး၍ ဆောက်လုပ် တည်ထားလျက်ရှိသော Phra Mahathat Naphamethinidon Naphabhumisiri စေတီတွင် ဌာပနာ ထည့်သွင်း ကိုးကွယ်ရန်အတွက် ဘုရားရုပ်ပွားတော်များနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတူဆင်းတုတော်တို့အား ကာကွယ်ရေးဦးစီးချုပ်(လေ)က ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်ထံ ပေးအပ်လှူဒါန်းရာ ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်က ဗုဒ္ဓဆင်းတုတော်မြတ်တစ်ဆူ ဓမ္မဒါန လက်ဆောင်အဖြစ် ပြန်လည် ပေးအပ်ခဲ့ကာ စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ထိုင်းဘုရင့်လေတပ် ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီးက ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ထွက်ခွာခဲ့ပြီး ဗိုလ်တထောင်ဘုရားအား သွားရောက်ဖူးမြော်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မင်းလှမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေး



**အထက်မင်းလှ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေးခြင်းကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးဟိန်းထက်အောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်နိုင်ရေးအတွက် မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ဆီဖြည့်နေစဉ် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးနှင့် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ/မရှိ၊ မတော်တဆ မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးများထားရှိ အသုံးပြုတတ်စေရေး၊ မီးဘေးလုံခြုံရေးပညာပေးဆိုင်းဘုတ်များ ထားရှိစေရေးတို့ကို စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝင်းမြတ်(အထက်မင်းလှ)**

# ကျိုင်းတုံမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**ကျိုင်းတုံ စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ အခွန်ထမ်းပြည်သူများနှင့် လုပ်ငန်းရှင်များအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက်က မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနတွင် ကျင်းပသည်။

ရှင်းလင်း ဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ် ပြည်တွင်းအခွန် ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က စည်းကြပ်မှုလွတ်ကင်းနေသော ဝင်ငွေအပေါ် အခွန်စည်းကြပ်မှုဆိုင်ရာ ကိစ္စရပ်များအကြောင်းနှင့် ပြည်တွင်းအခွန်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် အခွန်ထမ်းများနှင့် လုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများကပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**




ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းက လှူဒါန်းသည့် အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို လက်ခံရယူစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းက လှူဒါန်းသည့် အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၅၀ ကို လက်ခံရယူစဉ်။

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းက နေပြည်တော်ရှိ ဝန်ကြီးဌာနနှင့် ရုံးအဖွဲ့အစည်းများမှဝန်ထမ်းများအတွက် အိမ်သုံးဆိုလာမီးအိမ်များ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့ရှိ သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများ အသုံးပြုရန်အတွက် အိမ်သုံးဆိုလာမီးအိမ်များကို ယနေ့တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ရုံးများသို့ လာရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ဝင်များက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်း မိသားစုများအတွက် ငွေကျပ်သိန်း ၁၀၀ ခန့်တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ အတွက် ငွေကျပ်သိန်း ၁၀၀ ခန့် တန်ဖိုးရှိ အိမ်သုံးဆိုလာ ပစ္စည်းအစုံ ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ထံလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ အတွက် ငွေကျပ်သိန်း ၁၅၀ ခန့် တန်ဖိုးရှိ အိမ်သုံးဆိုလာ ပစ္စည်းအစုံ ၁၅၀ ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းထံ လည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းမိသားစုများ အတွက် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်း အစုံ ၁၀၀ ကို ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး ထံလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၁) ကြိမ်မြောက် အာဆီယံ + ၃ မီဒီယာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပ

**ကူမင်း စက်တင်ဘာ ၁၇**

(၁၁)ကြိမ်မြောက် အာဆီယံ+၃ မီဒီယာ ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို ယနေ့တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Yunnan Haigeng Convention Center ၌ ကျင်းပရာ အာဆီယံ + ၃ နိုင်ငံများမှ အစိုးရ သတင်းထုတ်ပြန်ရေး ဆိုင်ရာ တာဝန်ရှိသူများ၊ သုတေသန ပညာရှင်များနှင့် ပုဂ္ဂလိကမီဒီယာ များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




ဖိုရမ်တွင် ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်က Increase Inter-connectivity for Common Development and Shared Benefits ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေး အဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက Foster New Growth Drivers and Share New Development Opportunities ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ဆွေးနွေးပြီး မီဒီယာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဒေသတွင်း သတင်းအချက်အလက်မှန်များ မြန်ဆန်စွာစီးဆင်းရေးနှင့် သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ကာကွယ်ရေး ကိစ္စများ ဆွေးနွေးခဲ့ကြသည်။

**MK**

# မိတ္ထီလာမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က သီရိမင်္ဂလာရပ်ကွက် အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်း ထိုက်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ စီးပွားလုပ်ငန်းရှင် အခွန်ထမ်း ၉၅ ဦး တက်ရောက်ကြပြီး ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသောင်းထိုက်ဝင်းက ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရေးနှင့် အခွန်တိုးတက်ကောက်ခံရရှိရေးဆိုင်ရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ငဖဲမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ငဖဲ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ငဖဲမြို့နယ် ပဒါန်း အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်နိုင်ဝင်းက အမှာစကား



ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး၊ စာပေ အသိပညာကြွယ်ဝရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားတွင် အထူးအစီအစဉ် တစ်ရပ်အဖြစ် ထည့်သွင်းကျင်းပသော အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်ဥမ္မာကျော်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ရာ ကျောင်းသား ကျောင်းသူများက စာရေးဆရာတက္ကသိုလ်ဘုန်းနိုင်ရေး သားသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို ဖော်ကျူးသည့် သူ့ကျွန်မခံပြီ စာအုပ်အား ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးပြောကြားသည်။ ထို့နောက် အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူ သုံးဦး၊ နှစ်သိမ့်ဆုရရှိသူ နှစ်ဦး၊ အမြဲမပြတ် လေ့လာသင်ယူရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူ လေးဦးနှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်တို့ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် နိုင်ဝင်းနှင့် ဗိုလ်မှူးများ၊ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အောင်လံမြို့နယ်၌ မိုးနှောင်းဝါနှင့် မိုးစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး

**အောင်လံ စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် သမဝါယမကဏ္ဍမှ မိုးနှောင်းဝါ စိုက်ဧက ၄၀၀၀ အကောင်အထည်ဖော်လျက်ရှိရာ ရေပေါ်ကျေးရွာ ရေပေါ်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း အသင်းသားတောင်သူ ဦးအောင်ခင်၏ TBL-195 ဝါစိုက်ခင်းနှင့် အသင်းသား ဦးစိန်သောင်း၏ B31 ဝါစိုက်ခင်းတို့ စိုက်ပျိုးထားရှိမှုအခြေအနေများကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဇော်ထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရွာထောင် မျိုးစေ့ထုတ်သမဝါယမအသင်းအမှုဆောင်အဖွဲ့နှင့် နံ့ဇူပင်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ၉၀ တို့နှင့်တွေ့ဆုံ၍ သက်တံ့ရောင်စီမံကိန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး အသင်းသားများ၏ မိုးစပါး (ဆာဖိုးသာ) စိုက်ကွင်းတို့အား ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲ တို့ဆင်နွှဲမည် ...



ဒေါက်တာမောင်ကျော်
(ပါမောက္ခချုပ် - ငြိမ်း)

၁၉၂၅ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့က အထက်မြန်မာပြည်အတွက် ဥပစာကောလိပ်ကို မန္တလေးမြို့ ဗောဓိကုန်းရပ်ကွက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းထဲမှ တစ်ထပ်အုတ်တိုက် နီ၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ်တွင် ယူနီဗာစီတီကောလိပ်နှင့် ၁၉၅၈ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် သီးခြားတက္ကသိုလ်အဖြစ် ဖွင့်လှစ်ခဲ့ရာ မြန်မာနိုင်ငံ တက္ကသိုလ်များအနက် မန္တလေးတက္ကသိုလ်သည် ဒုတိယသက်တမ်းအရင့်ဆုံး တက္ကသိုလ်ဖြစ်ပါသည်။

ယခုနှစ် အစပိုင်းလောက်ကတည်းက မန္တလေးတက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ကျင်းပရန် မန္တလေးတက္ကသိုလ်၌ ကျောင်းသားဟောင်းများနှင့် မြို့မိမြို့ဖတို့က ကြိုးပမ်းသည့်ကာလ၊ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး၏ အဖြစ်ဆိုးကြီးတွင် မန္တလေးတက္ကသိုလ်၏ ပင်မဆောင်ကြီး မီးလောင်ပြိုကျပျက်စီးခဲ့ရခြင်းသည်လည်း ကြီးမားသောဆုံးရှုံးမှုဖြစ်ပါသည်။ ခဲလေသမျှ သဲရေကျလောက်အောင်ဖြစ်ရသော်လည်း မြို့မိမြို့ဖများ၊ ကျောင်းသားဟောင်းကြီးများနှင့် တိုင်းဒေသကြီးအစိုးရက နှစ်တစ်ရာပြည့်ကို ဇူလိုင်လ ၄ ရက်နေ့က စိတ်ဓာတ်ကြံ့ခိုင်မှုအပြည့်ဖြင့် ရွှင်ရွှင်လန်းလန်း ကျင်းပခဲ့သည်ကို တွေ့ရပါသည်။

ငလျင်ဒဏ်ကြောင့် မန္တလေးမြို့တစ်ဝိုက်ပြည်သူတို့၏ အိုးအိမ်စည်းစိမ်များ ပြုပြင်ထိန်းသိမ်းရခြင်းအခက်အခဲနှင့် မန္တလေးတက္ကသိုလ်ပင်မဆောင်ကြီးအား ပြန်လည်ပြုပြင်တည်ဆောက်ရသည့်အခက်အခဲတို့သည် ကြီးမားလှပါသည်။ ထို့ကြောင့် အချိန်ပေးရမည်ဖြစ်ရာ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်အတွင်း မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို မြို့မိမြို့ဖများ၊ ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသားတို့၏ အမြင်များကို ပေါင်းစပ်ထင်ဟပ်စေမည့် နိုင်ငံတော်အဆင့်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ပင်မဆောင်ကြီး ပြန်လည်တည်ဆောက်ထားခြင်းကို ဖွင့်လှစ်ခြင်း၊ အောက်တိုဘာလ ၅ ရက်နေ့တွင် အာစရိယပူဇော်ပွဲကျင်းပခြင်း၊ ညနေတွင် ဂီတဆည်းဆာကျင်းပခြင်း၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ဂီတဆည်းဆာနှင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပရန် စီစဉ်ထားခြင်းတို့ကို ဖြစ်မြောက်အောင် ဝိုင်းဝန်းကြိုးစားလျက်ရှိကြောင်း သိရသဖြင့် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါသည်။

ငွေရတု၊ ရွှေရတု၊ စိန်ရတုအခမ်းအနားတို့မည်သည့် ၂၅ နှစ်ကြာတိုင်း တက္ကသိုလ်၏ အမြင့်ဆုံးပညာရေးဆောင်ရွက်ချက်များ၊ ပညာရေးပြုပြင်ပြောင်းလဲနိုင်မှုများ၊ စာပေဂီတ အနုပညာနှင့် သုတေသနကဏ္ဍ ရလဒ်အကောင်းဆုံးဆောင်ရွက်ချက်များ၊ အောင်မြင်မှုများ၊ နောင် ၂၅ နှစ်တွင် ကြိုးပမ်းအားထုတ်ရမည့် စီမံကိန်းများကို မျိုးဆက်သစ်ကျောင်းသားလူငယ်များသာမက ပြည်သူများသို့ချပြသည့် အခမ်းအနားသဘင်ဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲ၊ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ချီးမြှင့်သည့်အစဉ်အလာမို့ နိုင်ငံတော်အဆင့်ဖြစ်ပါသည်။ မန္တလေးတက္ကသိုလ် နှစ်တစ်ရာပြည့်တွင် သတိရ၊ လွမ်းစရာများက ပင်မဆောင်ကြီး၊ ရာဇတ်ခန်းမ၊ အားကစားရုံနှင့် ဓာတုဗေဒဓာတ်ခွဲခန်းတို့ ဖြစ်ပါသည်။ ထို့ထက်ပို၍ တမ်းတလွမ်းရသူများကတော့ ကျွန် တော်တို့၏ ဆရာများပင် ဖြစ်ပါသည်။

**ဒေါက်တာမောင်ဒီ (ဆရာဒီ)**
**ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်**
**ဒုတိယဝန်ကြီး(ငြိမ်း)**

၁၉၆၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်သော ကျွန်တော်က မိဘများ နေရပ်နှင့် အလှမ်းမဝေးသည့် မန္တလေးတက္ကသိုလ်၌ တက်ရောက်ခဲ့ပါသည်။ ၁၉၅၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ်က သီးခြားတက္ကသိုလ်ဖြစ်နေပါပြီ။ လန်ဒန်တက္ကသိုလ်က PhD ဘွဲ့ရ ဒေါက်တာမောင်ဒီသည် မန္တလေးတက္ကသိုလ်၌ လက်ထောက်ကထိက၊ ကထိကတာဝန်များဖြင့် ၁၉၇၁ ခုနှစ်အထိ ရှိနေသည့်ကာလအတွင်း ကျွန်တော်က ၁၉၆၅ ခုနှစ်၌ BSc (Hons) ဂုဏ်ထူးတန်းဘွဲ့နှင့် ၁၉၇၁ ခုနှစ်တွင် MSc ဘွဲ့နှစ်ခုကို မန္တလေးတက္ကသိုလ်မှ ရရှိခဲ့ပါသည်။

ဓာတုဗေဒပညာရပ်ကို စတင်မိတ်ဆက်ပို့ချတပည့်များ လေးစားရသူမှာ ဆရာ ဒေါက်တာမောင်ဒီဖြစ်ပါသည်။ ဆရာက သိပ္ပံအရာတွင်ကြိုးပမ်းအားထုတ် လေ့လာဆည်းပူးခဲ့သော John Dalton, Periodic Table of Elements ကို ရေးဆွဲခဲ့သည့် ရုရှားလူမျိုး D. Mendeleev နှင့် အဏုမြူဒြပ်စင်များကို ထူးထူးခြားခြား လေ့လာဆည်းပူးတွေ့ရှိခဲ့သူ ပိုလန်လူမျိုး အမျိုးသမီး Madam Curie တို့အကြောင်းကို ထည့်သွင်းသင်ကြားပေးရာ ကျွန်တော်တို့ ကျောင်းသားများကလည်း ကြိုးပမ်းအားထုတ်ကြရမည်ဆိုသည့် အသိစိတ်များ ကိန်းအောင်းခဲ့ပါသည်။ နိုင်ငံအတွက် သားကောင်းရတနာများဖြစ်ရန်၊ ဘဝသစ် ဖန်တီးနိုင်ရန် တာစူခဲ့ကြပါသည်။

**စကြဝဠာသည် ကျယ်ပြန့်လေသတည်း...**

ဆရာ၏ လက်ချာတစ်ခု၌ **“Entropy is increasing, the Universe is expanding”** အင်ထရိုပီ (Entropy) က မြင့်တက်သည့်သဘောရှိသည်၊ စကြဝဠာကြီးက ကျယ်ပြန့်နေသည်၊ စကြဝဠာကြီးက ကျုံ့လာစရာအကြောင်းမရှိ၊ စကြဝဠာတစ်ခုနှင့် တစ်ခုသည် ဝေးကွာရန်သာရှိသည်။ စကြဝဠာ၏ အင်ထရိုပီသည် အမြင့်ဆုံးတန်ဖိုးဘက်သို့ ဦးတည်နေသည်၊ ဤသဘောကို သင်ကြားနေသည့်အချိန်တွင် ကျွန်တော်အပါအဝင် တပည့်များက Entropy ဆိုသည့်ဝေါဟာရကို နားလည်နိုင်စွမ်းမရှိ ဖြစ်ခဲ့ပါသည်။

ရေမွှေးပုလင်းကို အလှပြင်ခန်းထဲ၌ ဖွင့်ထားလျှင် ရနံ့သင်းသည့် ရေမွှေးမော်လီကျူးများက အလိုအလျောက်ထွက်လာပါသည်။ အလှပြင်ခန်းအတွင်း ပျံ့လွင့်သွားသည့် ရေမွှေးမော်လီကျူးများက ရေမွှေးပုလင်းထဲသို့ ပြန်လည်လာရိုးထုံးစံမရှိဆိုသည့် အဓိပ္ပာယ်ပါ။ ရေမွှေးပုလင်းထဲမှ ရနံ့သင်းသော မော်လီကျူးများက ကံစီမံသလို တစ်ခန်းလုံးပျံ့နှံ့သွားပြီဆိုလျှင် ရေမွှေးပုလင်းထဲ ပြန်ရောက်စရာအကြောင်း မရှိတော့ဘူးဆိုတာ အလွန်ပင်ထင်ရှားပါသည်။ ဒြပ်ပစ္စည်းတို့သည် ဓာတ်ပြောင်းလဲကြရာတွင် ပုံမှန်နေသားတကျ ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်းထားသည့် အနေအထားမှ အပြောကျယ်စွာ ဖြန့်ကြက်ပြောင်းလဲလေ့ရှိပါသည်။ သဘာဝတရားကြီးအရ အင်ထရိုပီမြင့်ရန် တာစူနေသော စကြဝဠာသည် ကျယ်ပြန့်လေသတည်းဆိုသည့် အဓိပ္ပာယ်ပင်။ ဤဝေါဟာရကို မြန်မာလို ဘာသာပြန်၍မရ၊ မြန်မာစာလုံးပေါင်းဖြင့်သာ ရေး၍ရပါသည်။

တကယ်တမ်းပြန်ကြည့်လျှင် လောကဓာတ်ပညာများကို အတိမ်းအစောင်းမရှိ မျိုးစေ့ချပေးခဲ့သော ဆရာများကို အမည်နာမတပ်ရခြင်းဖြစ်ပါသည်။ ‘ဆရာစွဲ’၊ ‘ဝါဒစွဲ’ မရှိသင့်ဘူးဟု ဆိုရိုးရှိသော်လည်း ဓာတုဗေဒပညာရပ်တွင် အထင်ကရဖြစ်သည့် ဓာတ်ပြုခြင်းများ၏ အလားအလာ၊ မျှခြေ (Equilibria) တို့ကို ရှင်းရှင်းလင်းလင်း သင်ကြားပေးနိုင်ခြင်းကြောင့် ကျွန်တော်တို့ ဆရာ့ကို စွဲလမ်းခဲ့ရပါသည်။ ဆရာက ခက်ခဲသည့်အကြောင်းအရာကို လွယ်အောင်သင်ပေးနိုင်သူဖြစ်ပါသည်။ ထိုသို့နက်နဲသော သိပ္ပံဆိုင်ရာတွေ့ရှိချက်များသည် လူမှုရေးသိပ္ပံကို ထင်ဟပ်သလို ဥရောပတစ်ခွင်၌ စက်မှုထွန်းကားရန်အထိ တွန်းပို့နိုင်ခဲ့ကြောင်း သိနားလည်ခဲ့ရပါသည်။ ဆရာ၏ သင်ကြားမှုများက ဘဝသစ်ဖန်တီးနိုင်ရန် တွန်းပို့ခဲ့သည်ဟု ဂုဏ်ယူဖော်ပြရခြင်းဖြစ်ပါသည်။

ဆရာ ဒေါက်တာခင်မောင်က ဓာတုဗေဒဘာသာရပ် လက်ချာကို အင်္ဂလိပ်လိုသင်သည်။ တစ်နေရာတွင် alum ဆိုသော ဝေါဟာရပါရာ ‘ကျောက်ချဉ်’ ဟု ထည့်ပြောလိုက်ပါသည်။ တပည့်များက ကျောက်ချဉ်ကို ဘယ်လိုဒြပ်ပစ္စည်းများနှင့် ဖွဲ့ထားသလဲ ပို၍သိချင်လာပါသည်။ ဆရာ၏ လက်ချာများတွင် Amylose, Amlo pectin ဆန်ဂျုံ ပြောင်း၊ အာလူးထဲတွင်ပါဝင်သည့် ကစီဓာတ်များ၊ အာဟာရဓာတ်များ၊ ကာဗွန်အချင်းချင်း ချိတ်ဆက်မှုများပြောင်းခြင်းနှင့် ဓာတ်ဂုဏ်အင်များ ပြောင်းလဲကြသည်၊ ချိတ်ဆက်ဖွဲ့စည်းထားသော အကြောင်းခြင်းရာများက နောင်သောအခါမှ ပို၍ အရေးကြီးလာမှန်း သိရပါသည်။

ကျွန်တော်က ၁၉၆၀ ပြည့်နှစ်တွင် တက္ကသိုလ်ရောက်ခြင်းဖြစ်၍ ဒီယူနစ်ထရီစနစ်ကို မီခဲ့ပါသည်။ ဆေးပညာမှန်းပြီး ဘိုင်အိုဘာသာရပ်ခွဲများတွင် စမ်းပြီး တက်ရောက်ခဲ့ပါသည်။ ဘိုင်အိုထိုင်ငိုဆိုသောအသံများလည်းကြားရ၊ ခုနစ်နှစ်တာခရီးအတွက် ပညာရေး စရိတ်များလည်း ထည့်တွက်မိခြင်းကြောင့် သိပ္ပံစစ်စစ် (Pure Science) ဘက်သို့ ဦးတည်ခဲ့ပါသည်။ ဆရာဒေါက်တာမောင်ဒီ၊ ဆရာဦးကျော်မြင့်တို့၏ ဓာတုဗေဒ၊ ရူပဗေဒ သင်ကြားမှုများက ဆွဲဆောင်မှုရှိခဲ့ပါသည်။

**ဆရာဦးကျော်မြင့်**
**မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

ဆရာဦးကျော်မြင့်က အင်္ဂလိပ်လို **“To every action, there is always equal and opposite reaction”** အစချီသည့် Newton’s Law ကို သင်ပေးရာ ရူပဗေဒပညာနှင့် စတင်ထိတွေ့ခွင့်ရခဲ့ပါသည်။

**စာမျက်နှာ ၇ သို့** ❋




မန္တလေးတက္ကသိုလ်ပင်မဆောင်နှင့် ရာဇတ်ခန်းမဆောင်တို့ကို တွေ့ရစဉ်။

**“၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်အတွင်း မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို မြို့မိမြို့ဖများ၊ ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသားတို့၏အမြင်များကို ပေါင်းစပ်ထင်ဟပ်စေမည့် နိုင်ငံတော်အဆင့်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ပင်မဆောင်ကြီး ပြန်လည်တည်ဆောက်ထားခြင်းကို ဖွင့်လှစ်ခြင်း၊ အောက်တိုဘာလ ၅ ရက်နေ့တွင် အာစရိယပူဇော်ပွဲကျင်းပခြင်း၊ ညနေတွင် ဂီတဆည်းဆာကျင်းပခြင်း၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ဂီတဆည်းဆာနှင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပရန် စီစဉ်ထားခြင်းတို့ကို ဖြစ်မြောက်အောင် ဝိုင်းဝန်းကြိုးစားလျက်ရှိကြောင်း သိရသဖြင့် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရ”**

❈ စာမျက်နှာ ၆ မှ

**“You see it is due to gravity the apple falls down to the ground”** ဟု သင်ပေးသည့်ဆရာ။ ကျွန်တော်တို့တပည့်များက ပန်းသီးကို ထိုစဉ်က မမြင်ဖူးသေးကြပါ။ ကျွန်တော်တို့သိသော ထန်းသီးကလည်း မှည့်လျှင် ကြွေမည်သာ၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသည့်စကားပုံ ကြားဖူးနေပြီ၊ ကမ္ဘာ့ဆွဲအားကြောင့် မြေခရမည်သာ၊ ကမ္ဘာ့ဆွဲအားမရှိလျှင် ထန်းသီးမှည့်ပြီး ကြွေချိန် တန်လျှင်တောင် ထန်းပင်ခေါင်ဖျား၌ ရှိနေမည် ဖြစ်ကြောင်း၊ ယူရီ ဂါဂါရင်သည်လည်း ဆွဲအားမဲ့ ဝန်းကျင်၌ လေ့ကျင့်ပြီး ဂြိုဟ်တုထဲတွင် လိုက်ပါ ပျံသန်းနိုင်ပုံများအထိ အတွေးဝင်စဉ်းစားနိုင်ခဲ့ပါသည်။ ရုပ်ရည်ကချောချော၊ ဗန်ကောက်လုံချည် တရွှမ်းရွှမ်းနှင့် သပ်သပ်ရပ်ရပ်ဝတ်ဆင်ပြီး အင်္ဂလိပ်လိုသင်တာတောင် ပေါ့ပေါ့ပါးပါးမို့ ရူပဗေဒ ကထိက ဆရာဦးကျော်မြင့်ကို အားကျခဲ့ရပါသည်။

နေရောင်ခြည်က လျှပ်စစ်သံလိုက်ရောင်ခြည် ဖြစ်သည်ဆိုသည်ကို လွယ်လွယ်နှင့် မည်ကဲ့သို့သိနိုင်မည်နည်း။ အလင်းရောင်ထဲက အရောင်ခုနစ်မျိုး၏ တစ်ခုစီ တစ်ခုစီတွင် စွမ်းအင်ထုပ် (Energy Packets, quanta) များက လှိုင်း (Wave) ကအစ မတူညီကြပါ၊ ထိုတွေ့ရှိချက်များက ဆန်းကြယ်မှုတစ်ခုအဖြစ် သိရုံ သက်သက်မဟုတ်၊ အတွင်းကျကျ နားလည်သည်နှင့် အမျှ Radio, Television နှင့် Worldwide Web စသော ဆက်သွယ်ရေး ကွန်ရက်ကြီးအထိ ဖန်တီးနိုင်သည်ကို တွေ့နေရပြီဖြစ်ပါသည်။ ကမ္ဘာ့ကြီးက ရွာကြီးဖြစ်လာခြင်းမှာ ဤလောက ဓာတ်ပညာကြောင့်ပင်။



ဒေါက်တာမောင်ဒီ (ဆရာဒီ)
(၁၉၇၇–၁၉၈၃)



ဆရာဦးကျော်မြင့်



ဆရာ ဒေါက်တာချစ်ဆွေ
(၁၉၈၆–၁၉၈၉)

**ဆရာဒေါက်တာချစ်ဆွေ …**

**ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)**

မန္တလေးတက္ကသိုလ် တက္ကသိုလ်ပထမနှစ်စာမေးပွဲ၌ ကျွန်တော်တို့ တပည့်ကျောင်းသားများ သင်္ချာမေးခွန်းနှင့်ပတ်သက်ပြီး လွန်စွာအခက်တွေ့ခဲ့ရပါသည်။ ထိုနေ့ ညနေပိုင်းတွင် ဘိုင်အိုက ထိုင်မငိုရသော်လည်း သင်္ချာအခက်တွေ့သူ မအောင်နိုင်တော့ဘူးဟုခံယူပြီး ထိုင်မငိုတော့ဘဲ နန်းသီတာ အဆိုအက ဖျော်ဖြေရေးပွဲသို့ ချီတက်သွားကြပါသည်။

အခြေအနေကိုသိသည့် ဆရာဒေါက်တာချစ်ဆွေက “တပည့်တို့၊ သင်္ချာမေးခွန်းက အတော်ခက်သွားတယ်၊ ဆရာတို့ မော်ဒရေးရှင်းထိုင် စဉ်းစားပေးမယ်” ဆိုပြီး အဆောင်နေ ကျောင်းသားများကို စာမေးပွဲဆက်လက်ဖြေရန် အားပေးခဲ့ပါသည်။ ထိုသတင်းက တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့ပါသည်။ နန်းသီတာ ဖျော်ဖြေရေးပွဲရောက်နေသော ကျောင်းသားများကလည်း အိမ်ပြန်၊ အဆောင်ပြန်ပြီး နောက်နေ့အတွက် ညလုံးပေါက် စာကျက်ကြတော့သည်။ ဆရာက ကျောင်းသားများ၏ သောကကို အထိုက်အလျောက် ဖြေပေးခဲ့ပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

နေပြည်တော် စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီးအတွင်းရှိအာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် မန္တလေးလျှောင်ဘေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်များပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းကပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာန၏ လုပ်ငန်းစဉ်နှင့် လူမှုဖူလုံရေးအဖွဲ့၏ အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာ ဝန်ဆောင်မှုများနှင့် အလုပ်သမားများ၏ရပိုင်ခွင့်အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ဒုတိယဝန်ကြီးက အာမခံအလုပ်သမား ၈၅၆၉ ဦးအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ငွေကျပ် ၆၈၂ ဒသမ ၀၃၁ သန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးထံ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဦးက အာမခံအလုပ်သမား ၄၆၇၁ ဦး၏ သားသမီး ၆၀၉၃ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၄၄ ဒသမ ၄၅၅ သန်းကိုလည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာကြသည့် ကုမ္ပဏီ၊ လုပ်ငန်းများမှ အာမခံအလုပ်သမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ရွှေလျားဆေးကုသရေးယာဉ်ဖြင့် အာမခံအလုပ်သမားများအား ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# MSME ရန်ပုံငွေထူထောင်ထားရှိမှု ချေးငွေလျှောက်ထားမှုများအား စိစစ်ထုတ်ချေးမှုအခြေအနေနှင့် ဆန်စက်၊ ဆီစက် ချေးငွေထုတ်ချေးမှုလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

MSME ရန်ပုံငွေထူထောင်ထားရှိမှု၊ ချေးငွေလျှောက်ထားမှုများအား စိစစ်ထုတ်ချေးမှုအခြေအနေနှင့် ဆန်စက်၊ ဆီစက် ချေးငွေထုတ်ချေးမှု လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိစက်မှုဇုန် စီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ MSME ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင် ညွှန်ကြားရေးမှူး၊ MSME လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မတည်ထောက်ပံ့ငွေကျပ် ၁၇၀ ဘီလီယံကို ထူထောင်ထားရှိပြီး ယင်းမတည်ထောက်ပံ့ငွေအနက် ငွေကျပ် ၂၀ ဘီလီယံကို MSME ဖွံ့ဖြိုးတိုးတက်ရေးအကူအညီ အထောက်အပံ့အဖြစ်လည်းကောင်း၊ ငွေကျပ် ၁၅၀ ဘီလီယံကို ချေးငွေထုတ်ချေးနိုင်ရေးအတွက်လည်းကောင်း သုံးစွဲရန် လျာထားကြောင်း၊ MSME လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခဲ့ပြီး MSME လုပ်ငန်းရှင်များက ချေးငွေကို နိုင်ငံပိုင်ဘဏ်များဖြစ်ကြသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်များအပြင် ပုဂ္ဂလိကဘဏ် ၁၆ ဘဏ်တွင် ချေးငွေများ လျှောက်ထားနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျော့ကျစေရန်နှင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးကို အကောင်အထည်ဖော်ရန် ဆီစက်များတပ်ဆင်ထုတ်လုပ်နိုင်ရေးနှင့် လက်ရှိဆီစက်များ တိုးချဲ့အဆင့်မြှင့်တင်ရေးအတွက် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားပြီး ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၅၀ ဘီလီယံကို မတည်ပေးခဲ့ကြောင်း၊ လက်ရှိအချိန်ထိ ချေးငွေ စံသတ်မှတ်ချက်နှင့် ကိုက်ညီသည့် ဆီစက်လုပ်ငန်းရှင်များကို ထုတ်ချေးပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်က MSME လုပ်ငန်းရှင်များအနေဖြင့် MSME ချေးငွေနှင့် ဆီစက်ချေးငွေ ထုတ်ချေးသည့် လုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး မိမိတို့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေလျှောက်ထားမှု၊ အစစ်ဆေးခံမှုများကို ဘဏ်၏ လုပ်ထုံးလုပ်နည်းများ၊ ချေးငွေညွှန်ကြားချက်များနှင့်အညီ အဆိုပြုချေးငွေလျှောက်ထားရန် ကိစ္စရပ်များကိုလည်းကောင်း၊ MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက MSME ရန်ပုံငွေထူထောင်ထားရှိမှု၊ ချေးငွေလျှောက်ထားရမည့် လုပ်ငန်းစဉ်နှင့် ချေးငွေထုတ်ချေးမှုလုပ်ငန်းစဉ်များကိုလည်းကောင်း၊ MSME ချေးငွေဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက MSME ချေးငွေလျှောက်ထားမှုများအား စိစစ်ထုတ်ချေးမှုနှင့် ဆီစက်ချေးငွေ ထုတ်ချေးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး MSME ဆီစက်နှင့် ဆန်စက်လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ရှင်းလင်း ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်းအခမ်းအနား တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဦးအောင်မိုးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ပေါ်ရပ်ကွက်များမှ ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကို လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးအတွက် စစ်တွေမြို့ လုပ်ကွက်အမှတ်(၂) မောလိပ်ရပ်ကွက် ကျောင်းကြီးလမ်းနှင့် ဗောထီးလမ်း၌ အထူးသန့်ရှင်းရေးအဖွဲ့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဗောထီးလမ်း၊ အောင်ထွန်းဦးလမ်း၊ ကျောင်းကြီးလမ်းနှင့် ရေတွင်းလမ်းတို့တွင် သန့်ရှင်းရေး ဆောင်ရွက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# မြဝတီမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



**မြဝတီ စက်တင်ဘာ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်မီးသတ်ဦးစီးဌာနက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။

ဦးစွာ မြဝတီခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဖြိုးမင်းဇော်က မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် သိရှိလိုက်နာရမည့် အချက်များ၊ ကြိုတင်ကာကွယ်ရမည့် အချက်များ၊ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ်အချက်ပေးခြင်းနှင့် မီးငြိမ်းသတ်ခြင်းဆိုင်ရာများကို အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရန် သရုပ်ပြသပေးကာ မီးဘေးနှင့်ကြုံတွေ့သည့်အခါဆောင်ရွက်ရမည့်ဇာတ်တိုက်လေ့ကျင့်မှုများကို လက်တွေ့သရုပ်ပြခဲ့ကြပြီး မီးဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။

အဆိုပါသရုပ်ပြပွဲတွင် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဖြိုးမင်းဇော်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**



ပုသိမ်မြို့ရှိ တိုးတက်မြန်မာ (အသေးစားအထည်ချုပ်လုပ်ငန်း)အား ပုသိမ်မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွဋ် ဦးဆောင်သောတပ်ဖွဲ့ဝင် လေးဦးတို့က စက်တင်ဘာ ၁၇ ရက်တွင် မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးအကြံပြုဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် စက်တင်ဘာ ၁၆ ရက်နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေဖြိုးဝင်းနှင့်တပ်ဖွဲ့ဝင်များက မီးသတ်ပစ္စည်းများ အသင့်အသုံးပြုနိုင်ရေး စစ်ဆေးပြီး ဝန်ထမ်းများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးပြောကြားစဉ်။

မျိုးသိန်း(ပြန်/ဆက်)

* မြန်မာအမျိုးသမီးမှ

အမာခံကစားသမား အများစုဖြင့် ပွဲထွက်ခဲ့သည်။ ကစားသမားအင်အား အသာရသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ပွဲအစ သုံးမိနစ်မှာပင် ယွန်းဝတီလှိုင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဆက်တိုက်ဖိကစားခဲ့ပြီး ၁၃၊ ၄၀ မိနစ်တွင် ဇင်မိုးပြည့်က နှစ်ဂိုးထပ်သွင်းကာ ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ်ဦးဆောင်နေသည်။ ၈၂ မိနစ်တွင် အိသက်ဖြိုးက YREO အသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းသဖြင့် ပွဲမှာ အပြန်အလှန်ရှိလာသော်လည်း ပွဲပြီးခါနီးတွင် ဇင်မိုးပြည့်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် စတုတ္ထဂိုးနှင့် သူ့အတွက် သုံးဂိုးမြောက် ဟက်ထရစ်ဂိုးသွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ၁၆ မှတ်၊ YREOအသင်းက ခြောက်ပွဲကစား သုံးမှတ်ရရှိထားသည်။

ပွဲစဉ် (၇) တတိယနေ့ကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရွှေဝတီအသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ- YUFC**

# အလုံမြို့နယ်၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန အလုပ်ရုံများနှင့် ပစ္စည်းစီမံရေးဌာနဂိုဒေါင်များ စစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ အထွေထွေမန်နေဂျာများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းနှင့် နှင်းဆီကုန်းလမ်းရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးရေးဌာန၊ မြေအောက်ကြိုးဌာန၊ ကောင်းကင်ဓာတ်အားလိုင်းဌာန၊ လမ်းမီးဌာနနှင့် ထရန်စဖော်မာ ထိန်းသိမ်းပြုပြင်ရေးဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ပစ္စည်းစီမံရေးဌာနက သိုလှောင်ထိန်းသိမ်းထားသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် လာမည့်နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ဖြန့်ဖြူးရေးဌာနအောက်ရှိ ၂၄ နာရီဓာတ်အားခွဲရုံများ ပြုပြင်ထိန်းသိမ်းရေးဌာနစု၊ ထရန်စဖော်မာထိန်းသိမ်းပြုပြင်ရေးဌာနစု၊ ကောင်းကင်ဓာတ်အားလိုင်းဌာနစု၊ မြေအောက်ဓာတ်ကြိုးဌာနစု၊ လမ်းမီးဌာနစုများမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ အရန်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပစ္စည်းသိုလှောင်ရေးဂိုဒေါင်များအလိုက် ပစ္စည်းအသစ်များ၊ ဆယ်တင်ပစ္စည်းများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**



# မင်းတုန်းမြို့နယ်၌ စက်သုံးဆီ အရောင်းဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မင်းတုန်း စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို ယနေ့နံနက်ပိုင်းတွင် မင်းတုန်းမြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာဌာနများနှင့်အတူ မီးဘေးလုံခြုံရေး စစ်ဆေးကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် စက်သုံးဆီအရောင်းဆိုင်များတွင် ထားရှိသည့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သော မီးသတ်ရေပိုက်လိပ်၊ မီးသတ်ရေပိုက်ခေါင်း၊ Foam အမြှုပ်ဆေးရည်များ၊ မီးသတ်ဆေးဘူးများနှင့် အုတ်ရေလှောင်ကန်များ ကောင်းမွန်ခြင်း ရှိ၊ မရှိ စစ်ဆေးကြပြီး မီးလောင်ခြင်းဖြစ်ပွားလာပါက အသင့်အနေထားဖြစ်စေရေးလိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ချင်းကလေး(NRDC)**



# ကရင်ပြည်နယ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပ




**ဘားအံ စက်တင်ဘာ ၁၇**

ကရင်ပြည်နယ် တောင်သူ လယ်သမားအခွင့်အရေး ကာကွယ် ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့၏ (၁/၂၀၂၅)ကြိမ် မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းအဖွဲ့ဝင်များနှင့် တာဝန်ရှိ သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးချုပ်က တောင်သူများ နှစ်သက်သည့်သီးနှံကို လွတ်လပ် စွာ စိုက်ပျိုးလုပ်ကိုင်နိုင်စေရေး၊ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်၊ မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မွေးမြူရေးတိရစ္ဆာန် အစာအစာ များ ရရှိနိုင်ရေး သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်ပေးစေလို ကြောင်း၊ လယ်ယာမြေပေါ်တွင် မွေးမြူရေးခြံများ၊ ငါးမွေးကန်များ တည်ရှိနေခြင်းကို တည်ဆဲဥပဒေ များနှင့်အညီ တရားဝင်ဖြစ်စေရန် လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ များနှင့် ချိတ်ဆက်ဆောင်ရွက်ပေး စေလိုကြောင်း၊ ပြည်တွင်းစားသုံး မှုဖူလုံစေရေးနှင့် ပြည်ပသို့တင်ပို့ ရောင်းချနိုင်ရေး၊ သဘာဝဘေး ဒဏ်ကြောင့် ဆုံးရှုံးမှုများအား အကူအညီပေးနိုင်ရေး၊ သင့်တင့် လျောက်ပတ်သည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိစေရေး၊ တန်ဖိုးမြင့် ထုတ်ကုန်များ ထွက်ရှိနိုင်ရေး အတွက် တင်ပြဆွေးနွေးပေးကြ စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ က လက်ရှိကာလတောင်သူများ ကြုံတွေ့နေရသည့် စပါးဈေး ကျဆင်းနေမှု၊ ဆန်စပါးတင်ပို့ ရောင်းချရာတွင် လမ်းခရီးကြန့်ကြာ မှု၊ သွင်းကုန်ပို့ကုန်များကို တောင်သူ လယ်သမားအခွင့်အရေး ကာကွယ် ရေးနှင့် အကျိုးစီးပွားမြှင့်တင်နိုင် ရေးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးနေမှု အခြေအနေ များကိုလည်းကောင်း၊ ဌာနဆိုင်ရာ များက လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ်ပုံစံ(၇)ထုတ်ပေးရန် လျှာထားမှုအပေါ် ဆောင်ရွက်ပြီးစီး မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ် ပြည်နယ်၏ အဓိကသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ မိုးစပါးမျိုးစေ့ထုတ် လုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ တောင်သူ ပညာပေးဆွေးနွေးပွဲများ၊ ကွင်း သရုပ်ပြပွဲများ၊ မြေဆီလွှာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ၊ မျိုးစပါး နှင့် မြေသြဇာများ၊ သွင်းအားစုများ ဖြန့်ဝေပေးအပ်မှု၊ ပြည်နယ်အတွင်း အသား၊ ဥထုတ်လုပ်မှု၊ စားသုံးမှု နှင့် ပို့လျှံမှု၊ ဆောင်းဆီထွက်သီးနှံ (မြေပဲ)စိုက်ပျိုးရေး စီမံကိန်း လျာထားချက်မှုအခြေအနေ လျှာထားဧက၊ ကွင်းဆင်း ဆောင်ရွက်မှု၊ လယ်ယာလုပ်ငန်း သုံးစက်ကိရိယာများ သုံးစွဲနိုင်မှု အခြေအနေများကိုလည်းကောင်း၊ ခရိုင်အဆင့် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီများက မြေယာဥပဒေနှင့်အညီ အကျိုး ခံစားခွင့်ရရှိရေး၊ လက်မှုလယ်ယာ မှ စက်မှုလယ်ယာသို့ ကူးပြောင်း နိုင်ရေးနှင့် ကုန်ထုတ်လမ်းများ ဖော်ထုတ်ဆောင်ရွက်ပေးမှု အခြေ အနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တင်ပြဆွေးနွေးမှု များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်များ ရုပ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသောထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော် လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက် နှင့်အညီ စစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ် ဖြင့် ရုပ်ဆိုင်းခြင်းပြုနိုင်ပါသည်။ ၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)ပါ တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကို ပုံနှိပ်ဆောင်ရွက်ခဲ့သည့် ဦးအေးသောင်း (အောင်ပညာမြင့်ပုံနှိပ်တိုက်-၀၁၅၀၈)၏ ပုံနှိပ်ခြင်း လုပ်ငန်းအသိအမှတ်ပြုလက်မှတ်နှင့် ထုတ်ဝေခဲ့သည့် ဦးအောင်စိုး (တစ်ထိပ်တန်းစာပေ-၀၀၁၉၈)တို့၏ ထုတ်ဝေခြင်းလုပ်ငန်း အသိ အမှတ်ပြုလက်မှတ်တို့ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှ စတင်၍ ရုပ်သိမ်းလိုက်သည်။ ယင်းပုံနှိပ်ခြင်းလုပ်ငန်းနှင့် ထုတ်ဝေ ခြင်းလုပ်ငန်းတို့သည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ မည်သည့်ထုတ်ဝေစာကိုမျှ ပုံနှိပ်ဆောင်ရွက်ခြင်းနှင့် ထုတ်ဝေဖြန့်ချိဆောင်ရွက်ခြင်းမပြုရန် ကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ကြို့ပင်ကောက်မြို့၌ မိုးစပါးစံကွက် ရိတ်သိမ်း



**ကြို့ပင်ကောက် စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာ ဝတီခရိုင် ကြို့ပင်ကောက်မြို့တွင် အောင်နိုင်တိုး မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို အောင်ပင်သာ ကျေးရွာအုပ်စု ကျွဲဘိကျေးရွာမှ တောင်သူ ဦးထွန်းထွန်းမြင့်၏ အောင်နိုင်တိုး စပါးစိုက်ခင်း ငါးဧကတွင် ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ အောင်နိုင်တိုး စပါးမျိုး ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အကူအညီဖြင့် ဝယ်ယူစိုက်ပျိုးထား ခြင်းဖြစ်ကြောင်း၊ သဘာဝမြေ သြဇာနှင့် ယူရီးယားဓာတ်မြေသြဇာ ပေါင်းစပ်ထည့်သွင်းစိုက်ပျိုးထား ခြင်းဖြစ်ကြောင်း၊ စပါးအထွက်နှုန်း မှာ တစ်ဧကလျှင် စပါးအစို ၁၃၅ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ယခင် နှစ်က မော်ဘီ-၃ စပါးမျိုး စိုက်ပျိုး ခဲ့ရာ တစ်ဧကလျှင် ၉၅ တင်းသာ ထွက်ရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်ချက်များဖြင့် စိုက်ပျိုးခဲ့ သောကြောင့် အထွက်နှုန်းတိုးတက် ရရှိခဲ့ကြောင်း သိရသည်။

အောင်နိုင်တိုး မိုးစပါးစံကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျနှင့် မြို့နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ် နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ်၊ အဝေးသင် သင်တန်း များ စာမေးပွဲဖြေဆိုမည့်ရက်များအား အောက်ပါအတိုင်း ကြေညာ လိုက်သည်-

| သင်တန်း | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|
| ပထမအသုတ်အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | ၁-၁၀-၂၀၂၅ မှ ၉-၁၀-၂၀၂၅ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | ၁၃-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ထိ |

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စက်တင်ဘာ ၁၆ ရက်က သရက်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြရာ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီး တင်လှိုင်နှင့်အဖွဲ့က ကြည့်ရှုအားပေးစဉ်။

ခရိုင်(ပြန်/ဆက်)

# မိတ္ထီလာမြို့ အထက(ချည်စက်)၌ သင်ထောက်ကူပြပွဲ ကျင်းပ



**မိတ္ထီလာ စက်တင်ဘာ ၁၇**

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့ အခြေခံပညာအထက် တန်းကျောင်း (ချည်စက်)တွင် သင်ထောက်ကူပြပွဲ အခမ်းအနား ကို ယမန်နေ့နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာ ရေးမှူး ဒေါ်မော်မော်က အမှာ စကားပြောကြားသည်။ ထို့နောက် ကျောင်းတွင်း သင်ထောက်ကူ ပြပွဲတွင် ပြသထားသည့် မြန်မာစာ၊ ပထဝီဝင်၊ သမိုင်းပြခန်း၊ အင်္ဂလိပ် စာ၊ သင်္ချာပြခန်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ အထွေထွေသိပ္ပံပြခန်းနှင့် ဇီဝဗေဒ၊ ဘောဂဗေဒပြခန်းများ ကို ခရိုင်ပညာရေးမှူး ဒေါ်မော်မော်၊ ကျောင်းအုပ်ဆရာမကြီးဒေါ်လဲ့လဲ့ အောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးခဲ့ ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စု နယ်မြေ နေပြည်တော်၂၀၂၅-၂၀၂၆ ပညာသင်နှစ်အခြေခံပညာကျောင်းသား အားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အထက ၌ ကျင်းပ သည်။





အခမ်းအနားတွင်နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အဖွင့်အမှာစကား ပြောကြားပြီး အထက(၂) ပျဉ်းမနားမှ ကျောင်းသား ကျောင်းသူများက ကိုယ်ကာယကြံ့ခိုင်မှု အတွဲအမှတ် (၃) (၄) နှင့် Fitness Exercise (PE-22) ကကွက်များဖြင့် လည်းကောင်း၊ နေပြည်တော်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသူများက အေရိုးဗစ်အက ဖြင့်လည်းကောင်း ဖျော်ဖြေ တင်ဆက်ကြသည်။

ကျောင်းသား အားကစားပွဲတော် တွင် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ စသည့် အားကစားနည်း ခုနစ်မျိုး ဖြင့် ပြိုင်ပွဲဝင်အသင်းရှစ်သင်း ယှဉ်ပြိုင်ကစားကြပြီး နေပြည်တော် အထက(၆)၊ အထက(၇)၊ လယ်ဝေး မြို့ trainer Centre(2) တို့တွင် အသီးသီး ကျင်းပမည်ဖြစ်ကာ စက်တင်ဘာ ၁၇ ရက်မှ ၂၂ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် စက်တင်ဘာ ၁၇**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စံပြဝက်မွေးမြူရေးခြံ၊ သီးနှံအခြောက်ခံစက်ရုံ၊ ဌာန ဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်ဆောင်ရွက် ပြီးစီးမှုနှင့် နောင်ယားကန် သာယာလှပရေးလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သည် ပြည်နယ်၏မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် စေရန်နှင့် မွေးမြူရေးလုပ်ငန်းရှင်များကို သရုပ်ပြ ပညာပေးဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသည့် စံပြဝက်မွေးမြူရေးခြံသို့ ရောက်ရှိ၍ ပြည်နယ်ဝန်ကြီးချုပ်က ဝက်မွေးမြူ ဆောင်ရွက်လိုသူများကို စနစ်တကျပညာပေး သရုပ်ပြသနိုင်ရေးနှင့် ဝက်သားပေါက်များကို စဉ်ဆက် မပြတ် မွေးမြူဖြန့်ဖြူးနိုင်ရေး၊ အနံ့အသက်ဆိုးများ မထွက်ရှိစေရေးနှင့် ကူးစက်ရောဂါများ ကျရောက်မှု မရှိစေရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူ များအား မှာကြားသည်။

ထို့နောက် ရေနီကန်ကျေးရွာမှ တောင်သူ ဦးပလားရယ်၏အောင်နိုင်တိုးစပါး စမ်းသပ်စိုက်ကွင်း တွင်စိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေကိုလည်းကောင်း၊ ပျားလုပ်ငန်းဌာနခွဲ အခြေစိုက်ပျားဘုရင်မမွေးမြူရေး စခန်းတွင် ပျားများမွေးမြူထားရှိမှု အခြေအနေကို လည်းကောင်း၊ ရေနီကန်ကျေးရွာရှိ Treasure Corn သီးနှံအခြောက်ခံစက်ရုံ လည်ပတ်ဆောင်ရွက်နေမှု ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ မှာကြားသည်။

ယင်းနောက် ပြည်နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနသို့ရောက်ရှိကာ အကြမ်းဖက်သမားများ ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်နယ်နှင့် ခရိုင်ရုံး များ၊ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ဆောင်ရွက် ပြီးစီးမှုနှင့် ရုံးများဖွင့်လှစ်မှုအခြေအနေကို ကြည့်ရှု စစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်က ဝန်ထမ်း အိမ်ရာများတွင် ဝန်ထမ်းများစနစ်တကျ ပြန်လည် နေရာချထားရန်၊ ရုံးနှင့်ရုံးပတ်ဝန်းကျင် သန့်ရှင်း သာယာရေးဆောင်ရွက်ရန်နှင့် ပြည်နယ်၏ မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နောင်ယားကန်သို့ရောက်ရှိပြီး အများပြည်သူ စိတ်အေးချမ်းသာစွာ အပန်းဖြေ အနားယူနိုင်ရန်နှင့် ဒေသထွက် လက်ဆောင်ပစ္စည်း များရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ဈေးဆိုင် ခန်းများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကွမ်းခြံကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပြိုင်ပွဲများ ကျင်းပ

**ကွမ်းခြံကုန်း စက်တင်ဘာ ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာပေ ဟောပြောပွဲ၊ စာစီစာကုံး၊ ကျပန်းစကားပြော၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို



ပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကို စက်တင်ဘာ ၁၂ ရက်က ရန်ကုန်တိုင်း ဒေသကြီး ကွမ်းခြံကုန်းမြို့နယ် အထက(၁) သီရိရတနာခန်းမ၌ ကျင်းပ သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးရဲတင့်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာစိုးတို့က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး အရာရှိ ဒေါ်နန့်ဆွေနွယ်ဦးက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစံရွှေ (တင်မောင်ထက်) ကွမ်းခြံကုန်းက စာဖတ်ပါ၊ စာသင်ကြပါ ခေါင်းစဉ်ဖြင့် ဟောပြောပြီး ပြိုင်ပွဲများတွင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

# ဒလမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ဒလ စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပ သည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား လူငယ်စကားဝိုင်း၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကုမုဒြာခန်းမ၌ ကျင်းပ သည်။

ဦးစွာ အခမ်းအနားတွင် တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဒလ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးရွှေလှိုင်က အမှာစကားပြောကြားသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ ဦးစီးအရာရှိ ဒေါ်သီတာဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်အသီးသီးဖြင့် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**



# ဥက္ကံမြို့အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြော

**တိုက်ကြီး စက်တင်ဘာ ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ၊ လူငယ်စကားဝိုင်းနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ယမန်နေ့က ဥက္ကံမြို့ အခြေခံ ပညာအထက်တန်းကျောင်း မြဝတီခန်းမ၌ ကျင်းပသည်။

စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးက ပြောင်းလဲတိုးတက် လာသည့် နည်းပညာများနှင့် Social Media များ စနစ်တကျသုံးစွဲခြင်း အကျိုးကျေးဇူးများ၊ လူငယ်များအနေဖြင့် မိမိတို့ရည်မှန်းထားသည့် ပန်းတိုင်အား ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားသွားကြရန်နှင့် လူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာများကို အသိပညာပေး ဟောပြောသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က ငယ်စဉ်ကတည်းက စာဖတ်သည့် အလေ့အကျင့်ပြုလုပ်ခြင်းဖြင့် အတွေးအခေါ် အမြော် အမြင် ဗဟုသုတများစွာ ရရှိလာနိုင်ပုံတို့ကို ဟောပြောပြီး ကျောင်းအုပ် ဆရာမကြီး ဒေါ်သီတာလွင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က စေ့စပ်ညှိနှိုင်းသူအဖြစ်ဆောင်ရွက်ပြီး အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူငါးဦးက ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ဧရာဝတီတိုင်းဒေသကြီး၌ အခြေခံပညာကျောင်းသား အားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် စက်တင်ဘာ ၁၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီးအဆင့် အခြေခံပညာကျောင်းသား အားကစားပွဲတော်ကို ကျင်းပရခြင်းရည်ရွယ်ချက်မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူ အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ယှဉ်ပြိုင်ကစားနိုင်ရန်၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွန်းလာစေရန်၊ ယခုပြိုင်ပွဲမှတစ်ဆင့် မိမိတို့ခရိုင်၊ မိမိတို့တိုင်းဒေသကြီး၏ ဂုဏ်ကိုဆောင်နိုင်ပြီး တိုင်းဒေသကြီးအဆင့် အခြေခံပညာကျောင်းသား အားကစားပွဲတော်တွင် သတ်မှတ်စံချိန်ပြည့်မီအောင် ကြိုးစားဆောင်ရွက်ပြီး တိုင်းဒေသကြီးဂုဏ်ကို ဆောင်မည့် (၁၄)ကြိမ်မြောက် အရှေ့တောင်အာရှ ကျောင်းသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် ကျန်းမာပျော်ရွှင်မှုရှိမှသာ အားကစားကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အုပ်ချုပ်သူများ၊ နည်းပြများ၊ တာဝန်ရှိသူများအားလုံးက ပြိုင်ပွဲဝင်ကစားသမားများ၏ ကျန်းမာရေးကောင်းမွန်စေရေး၊ ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် အထူးအလေးထား ဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာ ကျောင်းသား အားကစားပွဲတော်ကို ဖွင့်လှစ်ပေးကာ ဧရာဝတီတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော်အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ယခုနှစ် တိုင်းဒေသကြီးအဆင့် အခြေခံပညာ ကျောင်းသား အားကစားပွဲတော်ကို ဘောလုံး (ကျား၊ မ)၊ ဘော်လီဘော(ကျား၊ မ)၊ ဘတ်စကက်ဘော (ကျား၊ မ)၊ ကြက်တောင်(ကျား၊ မ)၊ ပိုက်ကျော်ခြင်း (ကျား၊ မ)၊ ပြေးခုန်ပစ်(ကျား၊ မ)၊ စားပွဲတင်တင်းနစ် (ကျား၊ မ) စသည့် အားကစားနည်း ခုနစ်မျိုးဖြင့် စက်တင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ပုသိမ်မြို့ပေါ်ရှိ ကိုးသိန်းအားကစားကွင်း၊ ကျောက်တိုင် အားကစားကွင်း၊ ကိုးသိန်းအားကစားရုံနှင့် အထက်တန်းကျောင်းဘောလုံးကွင်းတို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

ရမည်းသင်း စက်တင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ချီးမြှင့်သည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရမည်းသင်းမြို့ သီလဝါခန်းမ၌ ကျင်းပသည်။



ဦးစွာ ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်မြင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများက လေးဘာသာနှင့် သုံးဘာသာ ဂုဏ်ထူးရရှိသူများ အားလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ရွှေသိမ်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက နှစ်ဘာသာနှင့် တစ်ဘာသာ ဂုဏ်ထူးရရှိသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ရမည်းသင်း မြို့နယ်၌ လေးဘာသာဂုဏ်ထူးရရှိသူ ၁၄ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၇၀၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၄၀၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၆၇ ဦး စုစုပေါင်း ၃၉၁ ဦး ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအကြပ်အတတ်သင်ကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီး သူရသွင်ကိုကို ဦးဆောင်မှုဖြင့် စက်တင်ဘာ ၁၇ ရက်တွင် တပ်မတော်ဆေးရုံကြီး(ကုတင် - ၁၀၀၀) (မင်္ဂလာဒုံ)၌ တပ်ဖွဲ့ဝင်အရာရှိ/အခြားအဆင့် ၅၆ ဦးတို့ စုပေါင်းသွေးလှူဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ သတင်းစဉ်

# လှည်းကူးမြို့နယ်၌ မျိုးစေ့ချကိရိယာများ စမ်းသပ်သရုပ်ပြ



လှည်းကူး စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာ တောင်သူ ဦးအောင်လွင်၏ လယ်တစ်ကေပေါ်၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တောင်သူများထံသို့ဖြန့်ဖြူးပေးမည့် မျိုးစေ့ချကိရိယာများ စမ်းသပ်သရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့စမ်းသပ်သရုပ်ပြရာတွင် တက်ရောက်လာကြသော တောင်သူများက မျိုးစေ့ချကိရိယာများအား ကွင်းအတွင်း လက်တွေ့စမ်းသပ်သရုပ်ပြခဲ့ကြပြီး လိုအပ်သည်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးအဆင့် မြေ၊ မျိုး၊ ပိုး တာဝန်ခံများက ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထုတ်လုပ်ရေးအတွက် တောင်သူများအား နည်းပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**အေးအေးနွဲ့(လှည်းကူး)**



# ခရမ်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာပေဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အထက(၁) စိန်ရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲက အမှာစကားပြောကြားပြီး သန်လျင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှပိုမိုက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျင်းပရခြင်းရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာ ဦးမြင့်ဆွေ(မြင့်ဆွေ-ပညာရေး)က လူငယ်နှင့် စာပေခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

# ဘေးအန္တရာယ်များကို လျှော့ချခြင်းနှင့် ကြုံတွေ့လာပါက ရင်ဆိုင်နိုင်မည့် နည်းလမ်းများ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇

ဂျပန်ဖောင်ဒေးရှင်းရန်ကုန်၊ Goethe-Institut မြန်မာ၊ UNDP၊ Disaster Risk Reduction Working Group တို့ ပူးပေါင်း၍ ဘေးအန္တရာယ်များကို လျှော့ချခြင်းနှင့် ကြုံတွေ့လာပါက မည်ကဲ့သို့ ရင်ဆိုင်နိုင်မည့် နည်းလမ်းများနှင့် ဘယ်လိုကြိုတင်ပြင်ဆင်ကြမလဲ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ရေခဲဆိုင် မှတ်တိုင်အနီးရှိ Goethe-Institut Myanmar ပြပွဲခန်းမ၌ မွန်းလွဲ ၃ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အခမဲ့လာရောက်နိုင်**

အရေးပေါ်အခြေအနေတွင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့သည့်အခါ ကြိုတင်ပြင်ဆင်ခြင်းနှင့် လက်တွေ့ရင်ဆိုင်ခြင်းဆိုင်ရာ အသိပညာများကို ဖြန့်ပွားစေလိုသည့်အစီအစဉ်တွင် အနုပညာ၊ လူငယ်၊ နိုင်ငံတကာ အဖွဲ့အစည်း စသည့် နယ်ပယ်အသီးသီးမှ တတ်ကျွမ်းသူများက ဦးဆောင်၍ ဆွေးနွေးပြောကြားမည့် စကားဝိုင်းပါဝင်ပြီး ဘေးအန္တရာယ်လျှော့ချရေးနှင့်ပတ်သက်၍ မည်ကဲ့သို့ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ခြင်းများကို ပြုလုပ်နိုင်ကြောင်း မျှဝေပေးသွားမည်ဖြစ်သည်။ အစီအစဉ်ကို မြန်မာဘာသာဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာပြန် ထားရှိမည်ဖြစ်ကာ မည်သူမဆို အခမဲ့လာရောက်နိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လေ့လာမှတ်သား SCO အပေါ်ထားတဲ့ အိန္ဒိယနိုင်ငံရဲ့ ရည်မှန်းချက်နဲ့သဘောထားများ

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organization–SCO) ဆိုတာ အဓိပ္ပာယ်များစွာရှိတဲ့၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများစွာရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းကြီးတစ်ခုဖြစ်ပါတယ်။ ရှန်ဟိုင်းစိတ်ဓာတ်အပေါ်အခြေခံထားတဲ့ SCO အဖွဲ့ရဲ့ ထိပ်သီးအစည်းအဝေးကို ဩဂုတ်လ ၃၁ ရက်နဲ့ စက်တင်ဘာလ ၁ ရက်တုန်းက တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါပြီ။ အဲဒီအစည်းအဝေးကို အိမ်ရှင်ဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီတို့လိုမျိုး ဂုဏ်သိက္ခာမြင့်မားတဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံများမှခေါင်းဆောင်များအပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များကိုယ်တိုင် တက်ရောက်ခြင်းဖြင့် အစည်းအဝေးက မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ အောင်မြင်ခဲ့ပါတယ်။ ဒါသည်လည်း SCO အဖွဲ့ရဲ့ စည်းလုံးညီညွတ်မှုအားကို ဖော်ပြနေတာဖြစ်တယ်လို့ဆိုရမှာပါ။

ဒီနေရာမှာ SCO အဖွဲ့တည်ထောင်မှုအတွက်အခြေခံအုတ်မြစ်ဖြစ်တဲ့ ရှန်ဟိုင်းစိတ်ဓာတ်ဆိုတာလေးကို အနည်းငယ်ပြောချင်ပါတယ်။ "ရှန်ဟိုင်းစိတ်ဓာတ်" ဆိုတာ အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန်အကျိုးပြုမှု၊ တန်းတူညီမျှမှု၊ ညှိနှိုင်းတိုင်ပင်မှု မတူကွဲပြားတဲ့ယဉ်ကျေးမှုအပေါ် လေးစားမှုနဲ့ ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ဆောင်ရွက်မှုတို့ဖြစ်ပါတယ်။ တကယ်တော့ ရှန်ဟိုင်းစိတ်ဓာတ်ဆိုတာ ဘယ်လိုအဖွဲ့အစည်းမဆိုအတွက်သာမက တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြားမှာ ရှိသင့်ရှိထိုက်တဲ့ အခြေခံစိတ်ဓာတ်လည်းဖြစ်ပါတယ်။

"ရှန်ဟိုင်းစိတ်ဓာတ်" ဆိုတဲ့အထဲမှာမှ အပြန်အလှန်ယုံကြည်မှုဆိုတာကို ရှေ့တန်းတင်ထားတာကိုကြည့်ခြင်းအားဖြင့်လည်း တစ်ဦးနဲ့တစ်ဦးကြား၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုကြား ရေရှည်လက်တွဲပူးပေါင်းဆောင်ရွက်ကာ အောင်မြင်မှုအသီးအပွင့်များကို အတူတကွရယူခွတ်ခူးပိုင်ဆိုင်နိုင်စေဖို့အတွက် အခြေခံအကျဆုံးဖြစ်တယ်ဆိုတာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်၊ လက်ရှိSCO အဖွဲ့ဝင်နိုင်ငံများကြားမှာသာမက အဖွဲ့ဝင်နိုင်ငံများနဲ့ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူနိုင်ငံများကြားမှာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတွေကို အောင်မြင်စွာဆောင်ရွက်နိုင်နေတာဟာ အပြန်အလှန်ယုံကြည်မှုကြောင့်ပါပဲ။

အပြန်အလှန်ယုံကြည်မှုရှိတဲ့အတွက် SCO အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ၂၄ နှစ်ကျော်ကာလအတွင်းမှာ ယူရေးရှားဒေသတစ်လျှောက်မှာရှိတဲ့ နိုင်ငံများကြား အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုတွေမှာ အောင်မြင်မှုများစွာရရှိခဲ့ပါတယ်။ ဒီနေရာမှာ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေသူက SCO အဖွဲ့ကိုယ်တိုင်ပါပဲ။ ဒီလိုမျိုး အဓိကအခန်းကဏ္ဍကနေ ပါဝင်နေတဲ့ SCO အဖွဲ့အပေါ်ထားတဲ့သဘောထားက တစ်နိုင်ငံနဲ့တစ်နိုင်ငံမတူပါဘူး။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့လေ့လာမှတ်သားမိတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ရည်မှန်းချက်နဲ့ သဘောထားကို တင်ပြသွားလိုပါတယ်။ အဲဒီနိုင်ငံကတော့ အိန္ဒိယနိုင်ငံပါပဲ။




အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီက SCO ထိပ်သီးအစည်းအဝေးမှာမိန့်ခွန်းပြောတဲ့အခါ SCO အဖွဲ့အပေါ် အိန္ဒိယနိုင်ငံရဲ့ရည်မှန်းချက်များနဲ့မူဝါဒများက လုံခြုံရေး (S–Security)၊ ဆက်သွယ်ရေး (C–Connectivity)၊ အခွင့်အလမ်း (O–Opportunity) ဆိုတဲ့ အဓိကမဏ္ဍိုင် ၃ ရပ်အပေါ်အခြေခံထားတယ်လို့ဆိုပါတယ်၊ ဒါကတော်တော်လေးအဓိပ္ပာယ်ပြည့်ဝတယ်လို့ မြင်မိပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှုရှိစေဖို့အတွက် လုံခြုံရေးကအခရာကျပါတယ်။ လုံခြုံရေးကောင်းမွန်တဲ့အခါ တစ်ဦးနဲ့တစ်ဦးကြားအပြန်အလှန်ဆက်သွယ်မှုများကို ကောင်းစွာလုပ်ဆောင်နိုင်မှာဖြစ်ပြီး အဲဒီကနေမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာမှာပါ။

လက်ရှိနိုင်ငံတကာကရင်ဆိုင်နေရတဲ့ အဓိကစိန်ခေါ်မှုများထဲမှာ လုံခြုံရေးနဲ့စပ်လျဉ်းတဲ့ အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနဲ့ အစွန်းရောက်ဝါဒတို့က ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှာ ကြီးမားတဲ့အဟန့်အတားတစ်ခုဖြစ်နေပါတယ်၊ အထူးသဖြင့် အကြမ်းဖက်ဝါဒဆိုတာ လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို ခြိမ်းခြောက်နေတာပါ။ အကြမ်းဖက်ဝါဒကိုစွဲကိုင်ထားတဲ့ အကြမ်းဖက်သမားဆိုသူများရဲ့ဦးတည်ချက်က တစ်ခုတည်းရှိပါတယ်၊ အဲဒါကတော့ အလုံးစုံပျက်သုဉ်းရေးပါ။ အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ထားတဲ့ အကြမ်းဖက်သမားတွေကိုချေမှုန်းဖို့ဆိုရင် တစ်ဦးတစ်ယောက်ချင်းမှသည် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်းကြား စည်းလုံးညီညွတ်မှုရှိဖို့ အရေးကြီးပါတယ်။ ဒါကြောင့်လည်း အိန္ဒိယနိုင်ငံက အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရာမှာ စည်းလုံးညီညွတ်မှုရဲ့ အရေးပါပုံကို အစဉ်တစိုက်အလေးပေးပြောကြားခဲ့တာဖြစ်တယ်လို့ အိန္ဒိယဝန်ကြီးချုပ်ရဲ့ မိန့်ခွန်းမှာ ဖော်ပြထားတာတွေ့ရပါတယ်။

> "နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ကျော်လွန်ရှောင်လွှဲပြီး လုပ်ဆောင်သည့် ဆက်သွယ်မှုမျိုးသည် ယုံကြည်မှုနှင့်အဓိပ္ပာယ်ရှိမှုတို့ကို ထိခိုက်ပျောက်ဆုံးစေမည်ဖြစ်သည်"

အိန္ဒိယဝန်ကြီးချုပ်အနေနဲ့ အခုလိုမျိုးပြောရခြင်းက အကြောင်းရင်းရှိပါတယ်။ အိန္ဒိယနိုင်ငံကပြီးခဲ့တဲ့နှစ်ပေါင်း ၄၀ အတွင်း အကြမ်းဖက်ဝါဒရဲ့ရက်စက်ကြမ်းကြုတ်မှုကို ခံစားခဲ့ရတဲ့ နိုင်ငံပါ။ အဲဒီကာလအတွင်းမှာ အားကိုးစရာလင်ယောကျ်ားမဲ့သွားတဲ့၊ ချစ်ကြည်နူးစရာသားသမီးများကို ဆုံးရှုံးလိုက်ရတဲ့ အမျိုးသမီးများ၊ ရွှေတောင်ကြီးပြိုလဲသလိုမျိုး မိဘနှစ်ပါးစလုံးကိုဆုံးရှုံးလိုက်ရတဲ့ကလေးငယ်များစွာရှိခဲ့ပါတယ်။ မကြာသေးမီကဆိုရင်ပဲ အိန္ဒိယနိုင်ငံ ပါဟယ်ဂမ်ဒေသမှာ အကြမ်းဖက်တိုက်ခိုက်မှုကြီးတစ်ခုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်ပြီဆိုတာနဲ့ ဒါဟာ တစ်မျိုးသားလုံးအတွက် စိန်ခေါ်မှုကြီးအဖြစ်မှတ်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့် အကြမ်းဖက်ဝါဒနဲ့ပတ်သက်လာရင် ခွဲခြားပြီးကျင့်သုံးတဲ့စံနှုန်းထားရှိခြင်းက လက်ခံနိုင်စရာမရှိကြောင်း၊ ဒီလိုစံနှုန်းထားရှိခြင်းကို ပြတ်သားစွာနဲ့ ညီညွတ်မှုရှိစွာဆန့်ကျင်ရပ်တည်ရန်လိုကြောင်း၊ ဘယ်လိုအကြမ်းဖက်မှုမျိုးကိုမဆို တိုက်ဖျက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမယ့်တာဝန်က အားလုံးအတူတကွထမ်းဆောင်ရမယ့်တာဝန်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်ကအလေးပေးပြောခဲ့တာတွေ့ရပါတယ်။

နောက်ထပ်မဏ္ဍိုင်တစ်ခုကတော့ ဆက်သွယ်မှုဆိုတဲ့မဏ္ဍိုင်ဖြစ်ပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြားဆက်သွယ်မှုက အပြန်အလှန်ယုံကြည်မှုအပေါ် အခြေခံထားပါတယ်၊ လူတစ်ဦးနဲ့ တစ်ဦးကြား၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုကြား ကောင်းမွန်ခိုင်မာမှုရှိတဲ့ ဆက်သွယ်မှုက အပြန်အလှန်ကုန်သွယ်မှုကို ချောမွေ့စေရုံသာမက ယုံကြည်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း တံခါးဖွင့်ပေးရာရောက်ပါတယ်။ ဒါပေမဲ့ ဘယ်လိုမျိုးဆက်သွယ်မှုအတွက် ကြိုးပမ်းဆောင်ရွက်မှုတိုင်းမှာမဆို အချုပ်အခြာအာဏာနဲ့နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို မဖြစ်မနေလေးစားရမှာဖြစ်တယ်လို့ အိန္ဒိယနိုင်ငံကယုံကြည်ထားပါတယ်။ ဒါကြောင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီက "**နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ကျော်လွန်ရှောင်လွှဲပြီးလုပ်ဆောင်သည့်ဆက်သွယ်မှုမျိုးသည် ယုံကြည်မှုနှင့်အဓိပ္ပာယ်ရှိမှုတို့ကို ထိခိုက်ပျောက်ဆုံးစေမည်ဖြစ်သည်**" ဆိုပြီး အလေးပေးပြောခဲ့တာပါ။

တတိယမဏ္ဍိုင်ဖြစ်တဲ့ အခွင့်အလမ်းဆိုတာက ပူးပေါင်းဆောင်ရွက်မှုနဲ့ ပြုပြင်ပြောင်းလဲမှုအတွက်အခွင့်အလမ်းကိုဆိုလိုတာဖြစ်တယ်လို့ အိန္ဒိယဝန်ကြီးချုပ်က ပြောပါတယ်။ လုံခြုံရေးဆိုတာရှိလာရင် ဆက်သွယ်မှုကိုလုပ်လာနိုင်ပါမယ်။ ဆက်သွယ်မှုလုပ်ဆောင်နိုင်မှုနဲ့အတူ ပူးပေါင်းဆောင်ရွက်နိုင်လာမယ်။ တစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများကိုရယူပြီး ကိုယ့်နိုင်ငံရဲ့အခြေအနေများနဲ့ ကိုက်ညီမယ့်နည်းလမ်းကိုကျင့်သုံးခြင်းအားဖြင့် သမားရိုးကျနည်းလမ်းကနေခွဲထွက်ပြီး ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်ပဲ ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံက နယ်ပယ်စုံ၊ ကဏ္ဍစုံနဲ့ပတ်သက်ပြီး SCO အဖွဲ့ဝင်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်နိုင်ခဲ့ပါတယ်။ လူငယ်များ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များကြား ပူးပေါင်းဆောင်ရွက်မှုအတွက်လိုအပ်တဲ့ တံတားတစ်စင်းကိုထိုးပေးနိုင်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ လက်ရှိစွဲကိုင်ထားတဲ့ဆောင်ပုဒ်က "ပြုပြင်၊ ဆောင်ရွက်၊ ပြောင်းလဲ" ဆိုတဲ့ဆောင်ပုဒ်ဖြစ်ပါတယ်။ အဲဒီဆောင်ပုဒ်အတိုင်းပဲ ရှေ့ဆက်လျှောက်လှမ်းသွားနေတယ်လို့ အိန္ဒိယဝန်ကြီးချုပ်ကဆိုပါတယ်။ ဆိုလိုတာက ကိုဗစ်ကပ်ရောဂါနဲ့တွေ့တွေ့၊ ကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှုနဲ့တွေ့တွေ့ အခက်အခဲအတားအဆီးတိုင်းကို အခွင့်အလမ်းများအဖြစ်ပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမှာပါ။ ဒါကြောင့် အိန္ဒိယနိုင်ငံက ကျယ်ပြန့်လှတဲ့နယ်ပယ်ပေါင်းစုံမှာ ပြုပြင်ပြောင်းလဲမှုများစွာကို ဖော်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ခြင်းကြောင့်ပဲ နိုင်ငံအတွင်းမှာသာမက နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှာပါ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများစွာကို လမ်းဖွင့်ပေးနိုင်တာဖြစ်တယ်လို့လည်း အိန္ဒိယဝန်ကြီးချုပ်က ပြောထားပါတယ်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီရဲ့ SCO ထိပ်သီးအစည်းအဝေးမှာ ပြောဆိုခဲ့တဲ့ မိန့်ခွန်းကိုပြန်ခြုံကြည့်ရင် အားလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှာ အဓိကစိန်ခေါ်မှုဖြစ်နေတဲ့ လုံခြုံရေးရဲ့အရေးပါမှု၊ ဆက်သွယ်မှုရဲ့တန်ဖိုးနဲ့ အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်တဲ့ အကျိုးများကို အဓိကထားပြီးပြောသွားတာတွေ့ရပါတယ်။ မှတ်သားရတဲ့စကားတချို့ကတော့ "ဘယ်လိုအကြမ်းဖက်မှုမျိုးကိုမဆို တိုက်ဖျက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမယ့် တာဝန်က အားလုံးအတူတကွထမ်းဆောင်ရမယ့်တာဝန်ဖြစ်တယ်"၊ "နိုင်ငံတစ်နိုင်ငံရဲ့အချုပ်အခြာအာဏာကို ကျော်လွန်ရှောင်လွှဲပြီးလုပ်ဆောင်တဲ့ ဆက်သွယ်မှုမျိုးက ယုံကြည်မှုနဲ့ အဓိပ္ပာယ်ရှိမှုတို့ကို ထိခိုက်ပျောက်ဆုံးစေမယ်"၊ "ပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ခြင်းကြောင့်ပဲ နိုင်ငံအတွင်းမှာသာမက နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှာပါ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများစွာကို လမ်းဖွင့်ပေးနိုင်တာဖြစ်တယ်" ဆိုတဲ့စကားများဖြစ်ကြောင်း လေ့လာမှတ်သားဖွယ်ရာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: NDTV

ထက်မြတ်

# အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီ၏ (၇၅)နှစ်မြောက် မွေးနေ့ကျင်းပ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများက မွေးနေ့ဆုတောင်းစကားများ အသီးသီးပေးပို့







**နေပြည်တော် စက်တင်ဘာ ၁၇**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီသည် ၁၉၅၀ ပြည့်နှစ် စက်တင်ဘာ ၁၇ ရက်က မွေးဖွားခဲ့ပြီး ယနေ့တွင် ၇၅ နှစ် ပြည့်မြောက်ခဲ့ကြောင်း၊ အဆိုပါ အိန္ဒိယဝန်ကြီးချုပ်၏ မွေးနေ့ပွဲကို ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အိန္ဒိယနိုင်ငံ Madhya Pradesh ပြည်နယ် Dhar မြို့မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း။

ယနေ့တွင်ကျရောက်သည့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၏ မွေးနေ့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပါအဝင်အမေရိကန်ပြည်ထောင်စု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗြိတိန်နိုင်ငံစသည့် နိုင်ငံများနှင့် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများကလည်း မွေးနေ့ ဆုတောင်းစကားများ အသီးသီးပေးပို့ခဲ့ကြကြောင်း အိန္ဒိယနိုင်ငံ DD News သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ ■

## အမေရိကန်နိုင်ငံ၌ လည်ပတ်လျက်ရှိသည့် တစ်တော့အက်ပလီကေးရှင်းကို Oracle နည်းပညာကုမ္ပဏီက ကိုင်တွယ်ရန်စီစဉ်

**ဝါရှင်တန် စက်တင်ဘာ ၁၇**

အမေရိကန် နည်းပညာကုမ္ပဏီဖြစ်သည့် Oracle က နိုင်ငံအတွင်း၌ အသုံးပြုလျက်ရှိသည့် တစ်တော့ အက်ပလီကေးရှင်းကို ကြီးကြပ်ကိုင်တွယ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။




အမေရိကန်နိုင်ငံ အတွင်း တစ်တော့အက်ပလီကေးရှင်း၏ လုပ်ငန်းလည်ပတ်မှု ၈၀ ရာခိုင်နှုန်းကို Oracle နည်းပညာကုမ္ပဏီ ဦးဆောင်သည့် အမေရိကန် ရင်းနှီးမြှုပ်နှံသူအဖွဲ့က ပိုင်ဆိုင်မည်ဖြစ်ပြီး ကျန်အစုရှယ်ယာများကို တရုတ်အစုရှယ်ယာရှင်များက ဆက်လက်ထိန်းထားမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်၏ အသေးစိတ်အချက်အလက်များကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့က တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးသွားဖွယ်ရှိသည်။

ပြီးခဲ့သည့်နှစ်က အမေရိကန်ကွန်ဂရက်မှ အတည်ပြုခဲ့သော ဥပဒေတွင် တရုတ်နိုင်ငံက အမေရိကန်နိုင်ငံအတွင်းအသုံးပြုသည့် တစ်တော့အက်ပလီကေးရှင်း၏ ပိုင်ဆိုင်မှုကို ၂၀ ရာခိုင်နှုန်းကျော် ပိုင်ဆိုင်ခွင့်မပြုကြောင်း ဖော်ပြထားသည်။

အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးအရာရှိများက စက်တင်ဘာ ၁၅ ရက်တွင် စပိန်နိုင်ငံ၌ ကုန်သွယ်ရေး ဆွေးနွေးပွဲကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန်ဘဏ္ဍာရေး ဝန်ကြီး စကော့ဘတ်ဆန့်က အမေရိကန်နိုင်ငံအတွင်း လည်ပတ်သည့် တစ်တော့အက်ပလီကေးရှင်း၏ လုပ်ငန်း လည်ပတ်မှုအတွက် နှစ်ဖက်ဆွေးနွေးမှုသည် သဘောတူညီမှု မူဘောင်ကို ရောက်ရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

တစ်တော့အက်ပလီကေးရှင်း နိုင်ငံအတွင်း အသုံးပြုခွင့် သက်တမ်းကိုသမ္မတထရမ့်က ဒီဇင်ဘာ ၁၆ ရက်အထိ သက်တမ်းတိုးခဲ့သည်။ အဆိုပါသက်တမ်းတိုးမြှင့်ခြင်းသည် စတုတ္ထအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## နျူကလီးယားအရေးအား သံတမန်နည်းလမ်းဖြင့် ဖြေရှင်းသင့်ကြောင်း အီရန်ပြောကြား

**တီဟီရန် စက်တင်ဘာ ၁၇**

အီရန်နျူကလီးယားအရေးနှင့်ပတ်သက်၍ သံတမန်နည်းလမ်းဖြင့် ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာ အဖြေရှာရန်လိုအပ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ်အေရာချီက စက်တင်ဘာ ၁၆ရက်တွင် ပြောကြားသည်။

ဘုံအကျိုးစီးပွားကိုရှေးရှုသည့် မျှတသောအဖြေရရှိရေးအတွက် အီရန်က ဆောင်ရွက်ရန်အသင့်ရှိကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယွန် နို ဗာရော့နှင့်ဆွေးနွေးစဉ် အဗတ်အေရာချီက ပြောကြားသည်။ ဆွေးနွေးမှုအတွင်းနှစ်ဖက်အကြား သံတမန်ဆက်ဆံရေးတိုးမြှင့်ရန် တာဝန်ရှိသူများအကြား သဘောတူခဲ့သည်။ ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီတို့က အီရန်အပေါ် အရေးယူမှုများပြန်လည်ဆောင်ရွက်ပါက ၎င်းဆောင်ရွက်ချက်သည် ပဋိပက္ခကို ကြီးလာစေမည်ဟု ၎င်းက ပြောကြားသည်။ အီရန်၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးကိုရှေးရှုသည့် ဆောင်ရွက်ချက်ဖြစ်ကာ မကြာမီကလည်း အီရန်နှင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီတို့ကြား ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်စတင်ရန် သဘောတူခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ နျူကလီးယားအရေးအတွက် စေ့စပ်ညှိနှိုင်းမှုများဆောင်ရွက်ရန်နှင့် သံတမန်နည်းလမ်းဖြင့်သာဖြေရှင်းရန် ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးကလည်း ပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

## ဉာဏ်ရည်တုနည်းပညာဖြင့် ကမ္ဘာ့ကုန်သွယ်ရေးကို မြှင့်တင်နိုင်မည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြောကြား

**ဂျီနီဗာ စက်တင်ဘာ ၁၇**

ဉာဏ်ရည်တုနည်းပညာကိုသုံးစွဲခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေးကို ၂၀၄၀အရောက်တွင် ၄၀ ရာခိုင်နှုန်းနီးပါးမြှင့်တင်နိုင်မည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ယနေ့ ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာသုံးစွဲခြင်းကြောင့် ယခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ အသားတင်ထုတ်လုပ်မှု ၁၃ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာသည် ကမ္ဘာ့နိုင်ငံများအား ဉာဏ်ရည်တုနည်းပညာသုံးထုတ်ကုန်များကို သုံးစွဲရေးအတွက်အခွင့်အရေးများရရှိစေမည်ဖြစ်ကာ တစ်ဖက်တွင်လည်း ၎င်းနည်းပညာကို သုံးစွဲခွင့်ရရှိသူနှင့် မရရှိသူအကြား ကွာခြားချက်များရှိလာမည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှတ်တမ်းအရ သိရသည်။ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် လုပ်ငန်းမူဘောင်များတိတိကျကျသတ်မှတ်ခြင်း မရှိပါက လုပ်ငန်းကဏ္ဍများတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အလားအလာများပျောက်ကွယ်နိုင်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

## အာဖဂန်အစိုးရက ပြည်တွင်းနှင့် နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

**ကဘူး စက်တင်ဘာ ၁၇**

အာဖဂန်အစိုးရက ပြည်တွင်းနှင့်နိုင်ငံတကာအကူအညီပေးရေး အေဂျင်စီများနှင့် နားလည်မှုစာချွန်လွှာလေးခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း အာဖဂန်ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။



အဆိုပါ သဘောတူညီမှုတွင် ပြည်တော်ပြန်ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းမိသားစုများအား ကူညီရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ သန်းကျော် ထောက်ပံ့မှုရရှိမည်ဖြစ်သည်။

ကဘူး၊ ကူနာ၊ ဟေမန်၊ ဇာဘူး၊ နမ်ရော့ဇ်၊ ဘတ်ဂီစ်၊ ဖာရာနှင့် ဟီရတ်ပြည်နယ်များရှိအိမ်ထောင်စု ၁၀၇၄၉ စုနှင့် ပြည်သူ ၁၁၀၈၁၂ ဦးတို့အတွက် အထောက်အပံ့များ ရရှိမည်ဖြစ်ကြောင်း အာဖဂန်ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒုက္ခသည်အကူအညီပေးရေးစင်တာများ ဆောက်လုပ်ခြင်း၊ ငွေကြေးထောက်ပံ့မှု ပေးခြင်း၊ ဆောင်းရာသီသုံး ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများ ပံ့ပိုးပေးခြင်းတို့အပြင် ပညာပေးအစီအစဉ်များ၊ လူထုအသိပညာပေးလှုပ်ရှားမှုများနှင့် အထက်ဖော်ပြပါ ပြည်နယ်များရှိ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်သည်။

အဆိုပါ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးမှုသည် စီးပွားရေး အခက်အခဲများကို ဖြေရှင်းရန်နှင့် အလုပ်အကိုင်ဖန်တီးမှုမြှင့်တင်ရန် ပြည်တွင်းနှင့် နိုင်ငံတကာ မိတ်ဖက်များထံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာစေရန် အာဖဂန်အစိုးရ၏ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း စောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ပြည်ခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၅ ဒသမ ၈၂၄ တန်၊ သစ်မာ ၆၄ ဒသမ ၈၂၉ တန်၊ အခြားသစ် ၉၉ ဒသမ ၀၄၈တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၇၄၄၄၅၃၁၆ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်တွင် တောင်တွင်းကြီးမြို့နယ် ကံပေးကျေးရွာအနီး၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၂၄၂ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၇၀၀၄၄ ကျပ်) ကို သစ်တောဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်နှင့် ၁၄ရက်တို့တွင် အောင်လံမြို့နယ်၊ မင်းဘူးမြို့နယ်၊ ကံမမြို့နယ်၊ ချောက်မြို့နယ်နှင့် ငဖဲမြို့နယ်တို့ အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ကိုးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ်နှင့် စလင်းမြို့နယ်တို့ အတွင်း၌တရားမဝင်လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆိုင်ကယ်သုံးစီးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၇၅၀၀)ကိုလောင်းကစားဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၆၂၉၇၅၄၄ ကျပ် ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် အစီး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်တွင် ကျိုက်ထိုမြို့နယ် ဘိုက္ကားကျေးရွာအနီး၌ ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၇ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၀ မျိုး၊ စားသောက်ကုန်ပစ္စည်းရှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ်၂၄၅၃၄၅၅၈၀)၊ အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)၊ ကျိုက်ထိုမြို့နယ် သုံးအိမ်စုကျေးရွာအနီး၌ ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၇၂၆၂၀၀)၊ အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)နှင့် ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၉၀၇၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)၊ ကျိုက်ထိုမြို့နယ် တောင်စွန်းသွားကားလမ်းအနီး၌ ယာဉ်ငါးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း၈၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၄၆ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း တစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၂၇၇၇၅၀၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Nissan TT Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၇၅၀၀၀၀၀၀)နှင့် ကျိုက်ထိုမြို့နယ် သစ်ဆိမ့်ပင် ကျေးရွာအနီး၌ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တင်ဆောင်ခဲ့သည့် Nissan Profia Truck ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀)တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၇၄၇၅၃၈၆၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အလားတူ ရှမ်းပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၄ ရက်တွင် ပင်လုံ-လွိုင်လင်ကားလမ်း ပန်ဝိုးလမ်းခွဲအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၉၄၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်(ပို့ကုန်)၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၃၉၉၀၀၀) ကိုလည်းကောင်း၊ စက်တင်ဘာ ၁၃ ရက်တွင် ဘားအံမြို့ သံလွင်တံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၅၄၄၃၅၀) ကိုလည်းကောင်း စုစုပေါင်း ခန့် မှန်းတန်ဖိုးငွေကျပ် ၂၇၁၉၄၃၃၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်၂၇ရက်နှင့် စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၈၇ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၉၄၁၇၃၄၀၇၀)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်ပို့/ တင်သွင်းမှုများကြောင့် တရားဝင် တင်ပို့/တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၉-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၅ | ကမ္ဘာဝါးနေ့ အထိမ်းအမှတ် အစီအစဉ် 'ဝါးမှသည်ရွှေ' |
| ၀၉:၁၀ | NRC အစီအစဉ် |
| ၁၁:၄၀ | NEXT LEVEL |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၄၉) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'မှန်တိုင်းတစ်ခုရဲ့နိဂုံး' (အပိုင်း-၂၄၊ ၂၅) |
| ၁၅:၃၀ | မျိုးဝှက်တင့်စေဆိုကရေးတီအငွေ့ |
| ၁၆:၄၅ | ကမ္ဘာဝါးနေ့ အထိမ်းအမှတ် အစီအစဉ် 'တန်ဖိုးထားထိန်းသိမ်းသင့်သောဝါးရတနာ' |
| ၁၇:၁၀ | Soccer View |
| ၁၇:၃၀ | လူမှုစီးပွားသတင်းများ |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၄၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ 'တော' (The Forest) (အပိုင်း-၁၃) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၁၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'မှန်တိုင်းတစ်ခုရဲ့နိဂုံး' (အပိုင်း-၃၀) |
| ၂၂:၁၅ | ရုပ်မြင်သံကြားဇာတ်လမ်း |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Myat Day Thanar |
| 07:09 | Myanmar Traditional Food: Mohinga |
| 07:30 | Myanmar Masterclass: Artist Than Kywe |
| 07:43 | Good Health is a Great Boon |
| 08:26 | Global Updates; Factors influencing fertility |
| 08:39 | Commercial Farming to GDP Growth, Water-Spinach Grower |
| 09:01 | Xylophones' Home |
| 09:22 | The Golden Triangle |
| 09:36 | Chef Life: Ce'dric Davoine (French Chef) |

### Me

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ |
| ၀၆:၂၀ | တိုင်းရင်းသားသီချင်း၊ အက(မွန်) |
| ၀၆:၅၀ | မြန်မာသံစဉ်တေးများ |
| ၀၇:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဝင်းသူများ' (အပိုင်း-၂၂) |
| ၀၈:၀၀ | စတီရီယိုတေးများ |
| ၀၈:၂၅ | ဆိုကရေးတီးဆုရ(ဆိုင်းအတီးပြိုင်ပွဲ၊ တစ်ဦးချင်းအက၊ ကဗျာလွတ်ယိမ်း) |
| ၀၉:၄၅ | စတီရီယိုတေးများ |
| ၁၀:၁၀ | မြန်မာရုပ်ရှင်(ပြူမည်း) 'ချစ်အမှူ' |

### MRTV NRC

ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)
ဂန္ထဝင်ဆန်တဲ့အချစ်(အပိုင်း-၄) ဇာတ်လမ်း

အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
ကရင်ငါးဆုပ်ဆန်လျော်ဟင်းနှင့်ဆန်လျော်ကြော်

အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)
သွေ့ညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း၉)

ချင်း(လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)
ဖါတ်တော်ချိုင့်ရေတံခွန်သို့ အလည်တစ်ခေါက်

ချင်း(ချိုး) (၁၀:၀၀ မှ ၁၁:၀၀)
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂)

မွန် (၁၁:၀၀ မှ ၁၃:၀၀)
ဓနိပူး၏အသုံးဝင်ပုံအကျိုးကျေးဇူး

ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)
လက်ဝဲသလုံးတော်ဓာတ်စေတီအကြောင်း

ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)
ညှော်သည်လာရင်ပြမြန်မာ့စိုးရိုးသားတဲ့လူမျိုး

ဝ (၁၇:၀၀ မှ ၁၉:၀၀)
ဝညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့ (အပိုင်း-၂)

ကချင် (၁၉:၀၀ မှ ၂၁:၀၀)
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ

ကယား (၂၁:၀၀ မှ ၂၃:၀၀)
ဒွေးမယ်နော်တို့စံပျော်ရာငွေတောင်ပြည်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၈:၄၅ | တန်ဖိုးထားထိန်းသိမ်းသင့်သောဝါးရတနာ |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၉:၁၅ | ဘေဘူပင်လယ်ကျွေးစီးရီး(အပိုင်း-၃) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ထိုင်းနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'တွက်လစ်ခြည်ပါ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ' |
| ၁၀:၃၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဗရိကနိုင်ငံ' (အပိုင်း-၂) |
| ၁၁:၀၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၈၁) |

### MRTV FARMERS HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | နိုင်ငံစီးပွားတိုးတက်ဖို့ MSME လုပ်ငန်းများ အားပေးစို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | Modern Agriculture Machines That Are At Another Level 3 |
| ၁၈:၄၅ | Last Day of Wheat Harvest! |
| ၂၀:၀၀ | ဆံပင်အတုနဲ့မေခင်ဂျူပု(ဇာတ်လမ်း) |
| ၂၂:၀၀ | Way Back Home (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Weekly Soccer Review |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၉:၀၀ | AYA Bank Womens' Futsal League 2025 (Pacific Vs Divin) |

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တောင်ကြီးမြို့၌ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ပထမတောင်ကျောင်းကြီး ကျောင်းတိုက်ရှိသံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၀၄ ပါး၊ ဒေသခံတိုင်းရင်းသားပြည်သူ ၂၂ ဦးတို့အား သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာ ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော်အား သင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ဒေါပုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် သက်ကြီးကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

**ဒေါပုံ စက်တင်ဘာ ၁၇**

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိသည့် သက်ကြီးကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို ယနေ့နံနက် ၈ နာရီမှစတင်ကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမျိုးခိုင်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးသည်။

ဦးစွာ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွင် သက်ကြီးမိဘပြည်သူများအား မကူးစက်ရောဂါများဖြစ်သည့် သွေးတိုးနှင့်ဆီးချိုရောဂါများ ကင်းဝေးစေရန် နေထိုင်စားသောက်မှုမှန်ကန်စေရေး အသိပညာပေးဟောပြောသည်။ ထို့နောက် တီဘီလူနာရှာဖွေခြင်း၊ Screening ပြုလုပ်ခြင်းနှင့် ခုံထိုင်ကျန်းမာရေး လေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ ယင်းနောက် ကျန်းမာရေးဝန်ထမ်းများက သက်ကြီးရွယ်အိုများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရာသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုးနှင့် အဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များက ပူးပေါင်းပါဝင်ကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

# လှိုင်မြို့နယ်၌ သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**လှိုင် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ သွေးတိုး၊ ဆီးချိုရောဂါကုသမှုဆေးခန်း၌ မိဘပြည်သူများနှင့် ဘိုးဘွားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရင်ဘတ်ဓာတ်မှန်ရိုက်ပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးသည်။



**စစ်ဆေးကုသပေး**

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဝေဆင့်ကျော်နှင့် ဝန်ထမ်းများက ဘိုးဘွားများအား ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါများကို စစ်ဆေးကုသပေးခြင်း၊ ၁၀ မိနစ်စာ ခုံထိုင်လေ့ကျင့်ခန်း ပြုလုပ်ခြင်းနှင့် သက်ကြီးကျန်းမာရေးဆိုင်ရာ စကားဝိုင်းများဖြင့် အသိပညာဖလှယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းမှ သက်ကြီးပုဂ္ဂိုလ်များအား ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် လိုအပ်သည့် လူနာများအား ပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းသက်ကြီးပုဂ္ဂိုလ် ၁၄၀ အား ရင်ဘတ်ဓာတ်မှန်ရိုက်ပေးခဲ့ကြောင်း သိရသည်။

ဇော်ဇော်နိုင်(ပြန်/ဆက်)

# ကမ္ဘာ့လူနာဘေးကင်းလုံခြုံရေးနေ့ ကျင်းပ



**ရမည်းသင်း စက်တင်ဘာ ၁၇**

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ကျရောက်သည့် ကမ္ဘာ့လူနာဘေးကင်းလုံခြုံရေးနေ့အထိမ်းအမှတ် Commuity Campaign ကို ရမည်းသင်းခရိုင် ခရိုင်ပြည်သူ့ဆေးရုံ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်က အမှာစကားပြောကြားပြီး ဆေးရုံအုပ် ဒေါက်တာ အိအိခင်က ကျန်းမာရေးစောင့်ရှောက်မှု၏ အဓိကကျသည့်လူနာဘေးကင်းလုံခြုံရေး patient safty အကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကလေးအထူးကုဆရာဝန် ဒေါက်တာ ကြည်ပြာဇော်ဝင်းက ကမ္ဘာ့လူနာဘေးကင်းလုံခြုံရေးနေ့၏ Theme ဖြစ်သည့် safe Care For Every Newborn and Every Child ခေါင်းစဉ်ဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောပြီး ကျန်းမာရေးဝန်ထမ်းများက လက်ဆေးနည်း၊ စနစ်တကျနို့တိုက်ကျွေးနည်းများကို ဟောပြောခဲ့ကာ လူနာနှင့်လူနာစောင့်များအား လက်တွေ့သရုပ်ပြခြင်းနှင့်ဆေးရုံတက်ကလေးငယ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အလှူရှင်တစ်ဦးက မွေးကင်းစကလေးငယ်သုံး Incubator တစ်ခု၊ Blue Photo တစ်ခုကိုပေးအပ်လှူဒါန်းရာ ဆေးရုံအထောက်အကူပြုကော်မတီအဖွဲ့ဝင်များနှင့် အထူးကုဆရာဝန်ကြီးများက လက်ခံခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကဝမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သောအဖွဲ့ တကောကနုတ်ကျေးလက်ကျန်းမာရေးဌာနသို့ ကွင်းဆင်းဆောင်ရွက်



**ကဝ စက်တင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်း ဦးဆောင်သောအဖွဲ့ဝင်များသည် တကောကနုတ် ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တကောကနုတ်ကျေးလက်ကျန်းမာရေးဌာနရှိ ကာကွယ်ဆေးများသိုလှောင်ထားရှိမှု၊ ဆေးပစ္စည်းများ ထားသိုမှုနှင့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

# ဥတ္တရသီရိမြို့နယ်၌ အာဟာရအခြေအနေဆန်းစစ်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဥတ္တရသီရိ စက်တင်ဘာ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အသက်ငါးနှစ်အောက် ကလေးငယ်များအား အာဟာရအခြေအနေဆန်းစစ်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဝါဝါညွန့်ရွှေ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အသက်ငါးနှစ်အောက် ကလေးများ၏ အာဟာရအခြေအနေများဆန်းစစ်၍ လိုအပ်သော စောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများဖြစ်သည့် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး နေပြည်တော် ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။



ဦးစွာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ ရှင်းလင်းဆောင်၌ ဘုရားကြီးဂေါပကအဖွဲ့ဝင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့မှုများကို ရှင်းလင်းပြောကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့မှ တာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်ခဲ့မှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့က ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်းကပ်လှူပူဇော်ကာ ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြုတည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များ၊ ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါမိပတိသာသနဒ္ဓ ဗိမာန်တော်ကြီး၊ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများ၊ ပုံစံငယ်များနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်မှု မှတ်တမ်းတင်ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး နေပြည်တော်ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးစပါးဝယ်ယူသိုလှောင်ကြိတ်ခွဲရောင်းချသည့် လုပ်ငန်းများမှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး စက်တင်ဘာ ၁၇**

၂၀၂၅ ခုနှစ်ထွက် မိုးစပါး ဝယ်ယူ သိုလှောင်ကြိတ်ခွဲ ရောင်းချသည့် လုပ်ငန်းများ မှန်ကန် မြန်ဆန်စွာဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီး ဆန်စပါး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စားသုံးသူရေးရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်က မကြာမီကာလတွင် မိုးစပါးများထွက်ရှိလာတော့မည်ဖြစ်ကြောင်း၊ စပါးဝယ်ယူသိုလှောင်ကြိတ်ခွဲရောင်းချသည့် လုပ်ငန်းများမှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ဒေသတစ်ခုမှ တစ်ခုသို့ ဆန်စပါး သယ်ယူပို့ဆောင်ရာတွင် မလိုလားအပ်သော အဟန့်အတားများ၊ ကြန့်ကြာမှုများ မဖြစ်ပေါ်စေရေးတို့အတွက် ပဲခူးတိုင်းဒေသကြီး ဆန်စပါးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ စိစစ်မှုဖြင့် ထိန်းကျောင်း ဆောင်ရွက်ရန် ပြောကြားသည်။



**တက်ရောက်**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး ဆန်စပါး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါး ကုန်သည်လုပ်ငန်းရှင်များ စုစုပေါင်း ၅၄ ဦး တက်ရောက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းစိုး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများ ပါဝင်သောအဖွဲ့ စက်တင်ဘာ ၁၅ ရက်က နောင်ခမ်းအခြေခံပညာမူလတန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ **ဝိုးတောင်း**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ( မန္တလေး )မှ ရဲတပ်ဖွဲ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တံတားဦးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်၌ စုပေါင်းသွေးလှူဒါန်းရာ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး ထွန်းမြတ်ကျော်၊ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မြင့်မောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြစဉ်။ ရဲတင့်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၂၅ | ၃၀၃၅ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၇၅ | ၂၉၉၅ | ၄၅၀၅ | ၃၂၉၀ | ၃၀၁၀ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၂၅ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၅ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၇၅ |
| HSD (50 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၆ | ၂၈၄၅ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၄၁၈ | ၂၄၉၆ |
| HSD (50 ppm) | ၂၉၉၈ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၈ | ၃၀၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း (၁-၉-၂၀၂၅ ရက်နေ့မှ ၁၅-၉-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | | **နေပြည်တော်** | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ် | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | | **မန္တလေးတိုင်းဒေသကြီး** | | | | | | |
| | ၁ | အမရပူရမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| | ၇ | အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း | ကောင်းမွန် | | | | | |
| ၄ | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| ၆ | | **ပဲခူးတိုင်းဒေသကြီး** | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| | ၁ | ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| ၉ | | **ကရင်ပြည်နယ်** | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၁၀ | | **မွန်ပြည်နယ်** | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | မုဒုံမြို့ | ကောင်းမွန် | | | | | |
| | ၄ | ချောင်းဆုံ | ကောင်းမွန် | | | | | |
| ၁၁ | | **ရှမ်းပြည်နယ်** | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**☆ ကျောဖုံးမှ**

ချန်ပီယံဖြစ်ခဲ့ပြီး နောက်ဆုံးပွဲတွင်လည်း ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် Winner Soccer အသင်းက ပွဲ ၂၀ နိုင်၊ သရေပွဲမရှိ၊ နှစ်ပွဲရှုံး၊ ရမှတ် ၆၀ ဖြင့် ချန်ပီယံဆု၊ YRG အသင်းက ရမှတ် ၅၄ မှတ်ဖြင့် ဒုတိယ၊ YCDC MHDT အသင်းက ရမှတ် ၅၀ ဖြင့် တတိယဆုရရှိပြီး ယင်းသုံးသင်းနောက်တွင် VUC ULAD အသင်းနှင့် JV အသင်းတို့က ၃၆ မှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက ၃၂ မှတ်၊ Pacific Sun Far အသင်းက ရမှတ် ၃၀၊ MIU အသင်းနှင့် Royal Noka အသင်းတို့က ၂၈ မှတ်စီ၊ Generations အသင်းက ရမှတ် ၂၀၊ FFU မင်းမဟော်အသင်းက ၁၀ မှတ်ရရှိကာ ရွှေပြည်သာ ယူနိုက်တက်အသင်းမှာမူ အမှတ်လျှော့ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသလို ရမှတ်လည်း မရရှိသဖြင့် -၆ မှတ်ဖြင့် အောက်ဆုံးတွင် ရပ်တည်ခဲ့သည်။

နောက်ဆုံးပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပပြီး အသန့်ရှင်းဆုံးအသင်းဆုရရှိသော Pacific Sun Far အသင်းအား ဆုဖလားနှင့် ဆုကြေးကျပ်သုံးသိန်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသော အောင်ထူးခန့် (YRG) နှင့် အကောင်းဆုံးကစားသမားဆု ရရှိသော အောင်ခန့်ဇော် ( Winner Soccer) တို့ကို ဆုတံဆိပ်နှင့် ဆုကြေးကျပ်ငါးသိန်းစီ၊ စတုတ္ထဆုရရှိသော VUC ULAD အသင်းအား ဆုကြေးကျပ် ၁၀ သိန်း၊ တတိယဆုရရှိသော YCDC MHDT အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသော YRG အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၃၀၊ ပထမဆုရရှိသော Winner Soccer အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၅၀ နှင့် ချန်ပီယံဆုဖလားတို့ ပေးအပ်ချီးမြှင့်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- MFF**

**❖ ချန်ပီယံလိဂ်မှ**

အာဆင်နယ်အသင်းဟာ အိုဒီဂတ်၊ ဆာကာ၊ ကိုင်ဟာဗက် စတဲ့အဓိကကစားသမားတွေ ဒဏ်ရာကြောင့် မပါဝင်နိုင်ခဲ့ပေမယ့် ချန်ပီယံလိဂ်ရာသီအစမှာ နိုင်ပွဲနဲ့ စတင်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ် အသင်းကတော့ ပြင်သစ်ကလပ် မာဆေးလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးစလုံးကို အမ်ဘတ်ပီက ပင်နယ်တီကနေတစ်ဆင့်သွင်းယူပေးခဲ့ကာ မာဆေးလ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို တီမိုသီရီယာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စပါးအသင်းကတော့ ဗီလာရီးယဲလ်အသင်းကို ဗီလာရီးယဲလ်ကစားသမား လူးဝစ်ဂျူနီယာရဲ့ ကိုယ့်ဂိုးကိုယ် သွင်းမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုးဖြင့် တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ ကာရာဘတ်အသင်းက ဘင်ဖီကာအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ယူနီယံစိန့်ဂီလွိုက်အသင်းက ပီအက်စ်ဗွီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဂျူဗင်တပ်အသင်းနဲ့ ဒေါ့မွန်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်လေးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်တွင် မကွေးတိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်စိုးဝင်း ဦးဆောင်သော တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ စုစုပေါင်းအင်အား ၃၀၀ တို့ မကွေးမြို့ မြသလွန်စေတီတော်ရင်ပြင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြစဉ်။

မောင်ခိုင်မင်း(ပြန်/ဆက်)



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ ပန်းတင်အမြန်လမ်းရဲစခန်း စခန်းမှူး ရဲအုပ်ဝင်းဗိုလ် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ဖောင်းလောင်ရဲကင်း၊ ပိုတက်ရဲကင်းများမှ ရဲတပ်ဖွဲ့နှင့် မိသားစုဝင်များ စုပေါင်း၍ စက်တင်ဘာ ၁၆ ရက်က လယ်ဝေးမြို့နယ် ပန်းတင်ကျေးရွာရှိ ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းအတွင်း သန့်ရှင်းရေးပြုလုပ်စဉ်။ ကိုရဲ

# သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် အလှဆင်မီးပုံးများနှင့် မီးထွန်းအရုပ်များ မန္တလေးဈေးကွက်အတွင်း ယခင်နှစ်ကထက် ရောင်းအားကောင်း

**မန္တလေး စက်တင်ဘာ ၁၇**

မကြာမီကာလတွင်ရောက်ရှိလာမည့် သီတင်းကျွတ် မီးထွန်းပွဲတော်ကာလအတွက် မြန်မာ့ရိုးရာလက်မှုပစ္စည်းတစ်ခုဖြစ်သည့် အလှဆင်မီးပုံးများနှင့် မီးထွန်းအရုပ်များ မန္တလေးဈေးကွက်အတွင်း စတင် ရောင်းချနေပြီး ရောင်းချရမှုအပိုင်းတွင် ယခင်နှစ်ကထက် ရောင်းအားပိုမိုကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့ရှိ မြန်မာ့ရိုးရာမီးထွန်းအရုပ်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

" ဒီနှစ်က မီးထွန်းအရုပ်လုပ်ကိုင်တဲ့သူနည်းတယ်။ ဒါပေမယ့် ဝယ်ယူမှုကတော့ လျော့မသွားတဲ့အတွက် အခုကတည်းက ကြိုတင်အော်ဒါတွေနဲ့တော်တော်လေး ရောင်းချနေရပါတယ်။ နှစ်စဉ်လည်း ဒီအချိန်ဆိုရင် မနိုင်အောင် လုပ်နေရသလို ဒီနှစ်မှာလည်း ယခင်နှစ်တွေကထက်ကို ပိုလုပ်နေရတယ်"ဟု မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် ချမ်းမြသာစည် မြောက်ရပ်ကွက် (၇၈)လမ်း၊ (၄၃)လမ်းနှင့် (၄၄) လမ်းကြားရှိမြန်မာ့ရိုးရာ မီးထွန်းအရုပ်ရောင်းဝယ်လုပ်ကိုင်သူ ဒေါ်စန်းအိနိုင်က ပြောသည်။

မီးထွန်းအရုပ်များအား မန္တလေးမြို့တွင်း၌ အဓိကအများဆုံးပို့ဆောင်ရောင်းချနေရပြီး နယ်ဒေသများသို့အနည်းငယ်သာတင်ပို့မှုပြုလုပ်လျက်ရှိကြောင်း၊ မီးထွန်းအရုပ်နှင့် မီးပုံးများအား တန်ခူးလကျော်ပြီးနောက်ပိုင်းမှ စတင်ကာ ပစ္စည်းများစုဆောင်း၍ စတင်ပြုလုပ်ကြပြီး တော်သလင်းလအတွင်း၌ မီးပုံးအရုပ်များ လှိုင်လှိုင်ရောင်းချရကြောင်း သိရသည်။

" ကျွန်မတို့ဆီကတော့ မီးထွန်းအရုပ်ပေါင်း ၁၈မျိုးလောက်ကိုထုတ်လုပ်တယ်။ ဈေးတွေကတော့ အရင်က အနည်းဆုံး ကျပ်၁၃၀၀လောက်ကနေစရောင်းပေမယ့် ဒီနှစ်မှာတော့ ကျပ် ၂၀၀၀ လောက်ကစပြီး ရောင်းချရပါတယ်။ ကုန်ကြမ်းပစ္စည်းတွေ လိုအပ်ချက်ရှိနေတာရော အခြားဈေးနှုန်းတွေ တက်တဲ့အတွက်ပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

မီးထွန်းအရုပ်များကို ပြုလုပ်ရာတွင် စတင်လုပ်ဆောင်ချိန်မှ ပြီးဆုံးချိန်အထိ အချိန်အားဖြင့် နှစ်ပတ် ဝန်းကျင်ခန့်ကြာမြင့်ကြောင်း၊ ဝါးခုတ်ခြင်း၊ ကော်ကပ်ခြင်း၊ ပုံသွင်းခြင်း၊ စက္ကူကပ်ခြင်းနှင့်အခြား အဆင့်အမျိုးမျိုးတို့ကို ပြုလုပ်ပြီးနောက် ဈေးကွက်ဝင်သော မီးပုံးအရုပ်တစ်ခုကို ရရှိခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**





## ဇနုဖြူမြို့နယ်၌ ပလတ်စတစ်လျှော့ချသုံးစွဲရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ဇနုဖြူ စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဇနုဖြူမြို့နယ်အတွင်း ပလတ်စတစ်လျှော့ချသုံးစွဲနိုင်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် မြို့မဈေးဝန်းကျင်တွင် ဆောင်ရွက်ခဲ့သည်။

**အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းထွဋ်လွင်နှင့် ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မြို့နယ်အတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအတွက် ပလတ်စတစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# ရွှေပြည်သာမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရွှေပြည်သာ စက်တင်ဘာ ၁၇**

ရန်ကုန် တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၂၇)ရပ်ကွက် ထောက်ကြန့်-လှော်ကားလမ်းမ၌ ကျင်းပသည်။



မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၂၀၀၊ စိန်ပန်းပင် ၅၀၊ မန်ကျည်းရှားပင် ၃၂၀၊ ပျဉ်းကတိုးပင် ၁၀၀၊ အင်ကြင်းပင် ၅၀၊ ပျဉ်းမပင် ၅၀၊ မဟော်ဂနီပင် ၁၀၀၊ ထိုင်ဝမ်ဗာဒံပင် ၃၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

မြင့်ဦး



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲ တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အမှတ်(၁၈) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို ဘုတ်ပြင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနိုင်၊ ဘုတ်ပြင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

မြို့နယ်( ပြန်/ဆက်)

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– လေးဒေါင့်ကန်၊ မြေကွက်အမှတ်– ၃၂၂ ပေါ်ရှိ အမှတ်( ၂၅၁)၊ ပြည်တော်အေးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၃ထပ်ခွဲ)တိုက်အဆောက်အဦ၏ ပထမထပ်(ညာ)ခြေရင်းဘက်အခြမ်း၊ အကျယ်အဝန်း( ၁၂ပေခွဲ x၅၀ ပေ)ရှိတိုက်ခန်းနှင့်ရေမီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီးရောင်းချခွင့်ရှိသူများဟုအဆိုပြုသူ ၁။ဦးသူရိန်စိုး[၁၂/ဒဂရ(နိုင်)၀၁၈၇၀၂]၊ ၂။ ဦးအာကာစိုး[၁၂/ ဒဂရ(နိုင်)၀၁၈၆၉၂]၊ ၃။ဒေါ်ချမ်းမြေ့သူ[၁၂/ဒဂရ(နိုင်)၀၁၈၆၈၂]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သိမ့်ဇာနည်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၀၉၈/၂၀၂၄)**
**အမှတ်(၁၂၆)၊ ကန်တော်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၂၃၁၂၂၇၂**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ (၄)လမ်း၊ တိုက်အမှတ်(၁၆)၏ (၆–လွှာ) (၅–အေ) (ဝဲဘက်အခန်း)၊အကျယ်အဝန်း(၁၂ ၁/၂ x၅၀) ပေရှိသော ရေမီးစုံတိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဦးနေလင်းထက်[၁၂/လမတ(နိုင်)၀၃၄၄၀၂]နှင့် ဒေါ်ဖြိုးဖြိုးဆွေ [၉/လဝန(နိုင်)၂၀၀၅၇၂]တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးစည်သူဝင်းဆိုင်[၁၂/လမတ(နိုင်)၀၃၉၄၄၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြင့်စိုး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၂၀)**
**အမှတ်(၆၆)၊ အောင်မင်္ဂလာ(၂)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၉၂၆၆၉၄၊ ၀၉–၇၉၅၂၈၄၄၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖ.ဆ.ပ.လ ရပ်ကွက်၊ The Atrium Condo အိမ်ရာ၊ တိုက်(၁၇–အေ)၊ အခန်း(L–07)အား အမည်ပေါက် ဦးသိန်းထိုက် [၁၄/ပသန(နိုင်) ၀၀၆၁၂၈]ထံမှ ဒေါ်ဆည်းဆာလှကြည် [၁၂/ဗဟန(နိုင်)၁၀၃၉၁၂]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–၁ရပ်ကွက်၊ အကွက်အမှတ်–ဒ–၂၊ ဦးပိုင်အမှတ်–၃၄/ ၆၄x၆၅ ကြား၊ ၃၇ x ၃၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဆုဂျာသား [၁/မကန(ပြု) ၀၀၀၅၃၁]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်–၄၁၇၊ ဦးပိုင်အမှတ်– ၁၃၆–င/ ၁၉x၂၀ ကြား၊ ၆၅ x ၆၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ယဉ်ဝင်းသူ(ခ)ဖုန်ရီရှင် [၁၃/တကန(နိုင်)၀၀၃၀၃၀]က မောင်အရင်းဖြစ်သူ ဖုန်ကျွင်းကျက်(ခ)နေမင်းနိုင်သို့ ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်–၅၆၅၊ ဦးပိုင်အမှတ်– ၁၁–က၊ ၃၃လမ်း၊ ၈၆လမ်းနှင့် ရွှေတချောင်းလမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဥမ္မာ [၉/မရမ(နိုင်)၀၂၂၇၇၅]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၆၈/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဘီစနူး[၁၃/နမတ(နိုင်)၀၄၆၇၅၂]က ဘိုးဘ အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ–၂၁၁အရ PARAMOUNT MYANMAR ALLIANCE COMPANY LIMITED အားအစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

PARAMOUNT MYANMAR ALLIANCE COMPANY LIMITED ၏နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်–

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်ရက် | – | ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ၊ (၃၀)ရက်။ |
| အစည်းအဝေးကျင်းပမည့်အချိန် | – | နံနက် ၁၀:၀၀ နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | – | ကုမ္ပဏီရုံးခန်း |

PARAMOUNT MYANMAR ALLIANCE COMPANY LIMITED ၏စာရင်းများကို ပြုစုဆောင်ရွက်ထားပြီးအစုရှင်များသို့ ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူလိုပါသဖြင့် ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဦးတင်ဝင်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(MAIP MEMBER–00230)**
**PARAMOUNT MYANMAR ALLIANCE COMPANY LIMITED**
**Liquidator Office: The Solution Power Legal Consultant and Investment Co.,Ltd**
**အမှတ်–၁၉၊ ရွှေကမ္ဘာအိမ်ရာ၊ (၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–5098942,09–795921932**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ တိုက်အမှတ်(၃၅)၊ အမှတ်(၂)ရပ်ကွက်၊ ကန်လေးစုလမ်းတွင်တည်ရှိ၍ (၁)ခန်းတွဲ (၅)ထပ်တိုက်၏ **မြေညီထပ်**တိုက်ခန်းတစ်ခန်း၊ ကိုယ်ပိုင်လျှပ်စစ်မီတာတစ်လုံး၊ ရေမော်တာတစ်လုံး ပါဝင်သည့် ရေ၊ မီးအစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးငွေအောင် (ဘ) ဦးစောဘချစ် [၁၀/သထန(နိုင်)၁၁၁၉၉၂]က အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် မိမိကိုယ်တိုင်ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့်လက်ရှိဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆို၍ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသစရန်ငွေကိုရောင်းသူအား (၆–၉–၂၀၂၅)ရက်နေ့၌ စရန်ပေးစာချုပ်ချုပ်ဆို၍ ပေးချေထားပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်အား ဤကြော်ငြာပါသည့်နေ့မှစ၍ (၂၅–၉–၂၀၂၅)ရက်နေ့နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ ဤတိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာအထောက်အထား မူရင်းများနှင့်တကွ **လူကိုယ်တိုင်**လာရောက်၍ အားမနာတမ်း ကန့်ကွက်တင်ပြနိုင်ပါကြောင်း ဖိတ်ခေါ် ကြေညာအပ်ပါသည်။

**ဦးညွန့်ဝင်းအောင်[၈/သရန(နိုင်)၀၂၀၃၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနေဝင်း**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၄၉၄၃)**
**တိုက်(၄၁)၊ အခန်း(ဘီ–၃)၊ ဒုတိယထပ်၊ (၁၁)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်။**

## ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့(အေးသာယာ)ရပ်ကွက်၊ ဗဟိုလမ်းမကြီးနှင့် ဗဟို(၃၃)လမ်းထောင့်၊ အကွက်အမှတ်(L–35) (အရှေ့လှည့်/မြောက်လှည့်) ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၄၀ ပေ xအနံ ၆၀ ပေ) အကျယ်ရှိ ဦးသာဟန် အမည်ပေါက် စလစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်ရွှေ[၁၂/ကတန(နိုင်)၀၇၃၆၅၇]မှ (၁၅–၉–၂၀၂၅)ရက်နေ့တွင် ဦးမြတ်မင်းဟိန်း[၁၂/တမန(နိုင်)၁၀၂၅၂၉]ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးကျော်ရွှေ တစ်ဦးတည်းသာလျှင် တရားဝင် လက်ဝယ်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဦးကျော်ဇေယျ (LL.B)** | **ဒေါ်နော်ဆည်းဇာ (LL.B)** |
| **(စဉ်–၁၃၁၈၁/၁၇)** | **(စဉ်–၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း (LL.B)** | **ဒေါ်ဝေမာနွယ် (LL.B)** |
| **(စဉ်–၁၃၂၄၀/၁၇)** | **(စဉ်–၁၄၇၁၁/၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃/၂၃)၊ ကျိုက်ခေါက်ဘုရားလမ်းမကြီး(ရုံးတော်ရပ်)၊ ပဲခူးစုရပ်ကွက်၊ ကျားဘုရားရှေ့၊ သန်လျင်မြို့။ ဖုန်း–၀၉–၅၁၇၃၇၅၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ်(၁၅၈)နေ ဒေါ်ကျင်ကြည်[၁၃/ကမန(ဧည့်)၀၀၀၄၉၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျင်ကြည်သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ ကျောင်းကုန်း(၂)လမ်း၊ အမှတ်(၅၆)၊ မြေတိုင်းရပ်ကွက်အမှတ်–၁၆၊ လူနေရပ်ကွက်အမှတ်(၇)ရပ်ကွက်၊ မြေကွက်အမှတ်–၉၈၊ နှစ်(၆၀)ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်ရှိ မြေညီ(ခေါင်းရင်းခန်း)၊ (အလျား၁၃ပေ ခွဲ xအနံ ၅၀ပေ)တိုက်ခန်းနှင့်ကပ်လျက်တည်ရှိသည့် မြေကွက်(အရှေ့ဘက်–အလျား ၉ပေ/အနောက်ဘက်– အလျား ၄ပေခွဲxအနံ ၄၈ပေ) မြေကွက်တို့အား ဝယ်ယူရန်အတွက် (၄–၉–၂၀၂၅) ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို (၇)ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဉာဏ်လင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၁၄/၃–၉–၂၀၁၉)**
**ရုံးအမှတ်( ၃၄/အေ)၊ အမှတ်(၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ PH : 09–422 539849, 09–5275258**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–( ၂၈/ပေါက်တော )၊ ဘုရင့်နောင်လမ်းမ၊မြေကွက်အမှတ်(၂၅)ဟုခေါ်တွင်သည့်၊ဧရိယာ(၀.၀၈၉)ဧကအကျယ်ရှိဦးမောင်ဟန်+ဒေါ်သန်းရင်အမည်ရှိမြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများအဖြစ်လက်ဝယ်ထားပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်သစ်သစ်ဝင်း ၁၂/အစန(နိုင်)၀၁၁၅၇၇၁၊ ဒေါ်စိုးစိုးဝင်း ၁၄/ရကန(နိုင်)၁၃၂၀၀၁ ၊ဒေါ်နွဲ့နွဲ့ဝင်း၁၂/အစန(နိုင်)၁၃၅၁ရရတို့(၃)ဦးထံမှကျွန်ုပ်တို့၏မိတ်ဆွေများကအပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ကျွန်ုပ်တို့မိတ်ဆွေများ၏လွှဲအပ်ချက်အရ–

| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဖွန်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| ( စဉ်–၇၇၅၇ ) | ( စဉ်–၈၁၁၂ ) | ( စဉ်–၁၃၂၃၅ ) |

**တရား လွှတ် တော် ရှေ့ နေ များ**
ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း–၀၉–၅၀–၅၇၇၁၄ ၊၀၉–၉၅–၅၀–၅၇၇၁၄ ၊၀၉–၅၁–၄၁၀၅၃

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)၊ ကနောင်မင်းသားကြီးလမ်း၊ မြေကွက်အမှတ်(၁၈၃)၊ မြေအကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံ ကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်အေးအေးသိန်း(CI–၀၅၀၄၂၄)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်သင်းသင်းအေး(၁၁/တကန(နိုင်)၀၅၉၁၀၂)သည် နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ် - ၅၃၃၄၄) |
| **ဦးတိုးဝေနိုင် (LL.B)** | **ဒေါ်ဉာဉ်ခင်(ခ)ဥမ္မာသိန်း(LL.B)** |
| အထက်တန်းရှေ့နေ (စဉ် - ၅၅၉၁၃) | အထက်တန်းရှေ့နေ (စဉ် - ၅၃၈၇၈) |

ဖုန်း - ၀၉ - ၄၂၈၀၂၂၃၈၄၊ ၀၉ - ၄၂၆၈၇၆၆၆၀၊ ၀၉ - ၇၆၉၈၂၃၄၁၇၊ ၀၉ - ၄၄၅၆၅၉၀၁၇

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရဲစုကျေးရွာ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သော မောင်ကောင်းခန့်နောင်၏ ဖခင်အမည် ဦးပေါက်စနှင့် ဦးရဲရင့်နောင် [၉/စကတ(နိုင်) ၀၆၀၄၇၄]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အထက(ခွဲ)အုတ်တွင်း G–11မှ မသဲနုခိုင်၊ အလက(ခွဲ) နန်းတော်ကုန်း G–6 မှ မောင်ဉာဏ်လင်းအောင်နှင့် G–3 မှ မနှင်းပန်းဖြူတို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးကုံး [၉/သစန(နိုင်) ၁၅၅၃၆၄] ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ–၅)၊ ဦးပိုင်အမှတ်(၁၇)၊ ၆၁x၆၀Bလမ်းကြား၊ ၁၂၈x၁၂၉ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးထွန်းမောင် [၉/မနတ(နိုင်)၀၅၆၈၅၈]က လမ်းဖိုးမြေဖိုးငွေရပြေစာမူရင်းများ၊ မြေချထားမိန့်မူရင်း၊ တောဂရန်မူရင်းတို့မှာ လက်ဝယ်တွင်အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်ပျောက်၊ တောမှမြို့ပြောင်း၊ သက်တမ်းတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇၀၊ မြေကွက်အမှတ်–၃၈၇(ခ)ဟု ခေါ်တွင်သော အမှတ်–၃၈၇(ခ)၊ မင်းခေါင်လမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အကျယ်အဝန်း(ပေ၂၀xပေ၆၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိသော ဦးတင့်ဆွေ(TME – ၀၀၄၈၃၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိ အိမ်အပါအဝင် ၎င်းတို့နှင့်ဆက်နွယ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ရှင်ဖြစ်သော ဒေါ်ဝင်းဝင်းငွေ[၁၀/သထန(နိုင်)၁၇၈၆၆၁]မှ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး ၎င်းအနေဖြင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ကြိုင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၇၄၉)**
**တိုက်(၁)၊ အခန်း(၅၀၆)၊ သာယာရွှေပြည်လမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၄၁၆၈၈၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၂ရပ်ကွက်၊ အကွက်အမှတ်(ဆ–၇)၊ ဦးပိုင်အမှတ်–၁၅(ခဲစင်း)၊ ၇၁(A)လမ်း၊ ၁၀၈x၁၀၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးစောသန်းလွင်[၁၀/ခဆန(နိုင်)၀၀၂၀၈၉]၊ ဒေါ်ညိုညိုဝင်း[၉/မရတ (နိုင်) ၀၀၆၈၇၆]တို့က အမှုတွဲအမှတ်(၂၅၅၇/၂၀၂၅–၂၀၂၆) ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ–၄၆)၊ ဦးပိုင်အမှတ်(၁၇+၁၈)၊ ၄၀x၄၁ကြား၊ ၅၄x၅၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါက်တာအောင်ကျော်ဦး [၁၃/နခတ (နိုင်) ၀၀၅၃၂၃]၊ဒေါက်တာအေးအေးစိန် [၁၃/နခတ (နိုင်) ၀၀၅၃၂၄]တို့က အမှုတွဲအမှတ်(၂၅၅၂/၂၀၂၅–၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ဒေါ်ခင်အေးနွဲ့ (ခ) အေးဝင်းခိုင် (ဘ) ဦးအထွန်း [၇/ပမန(နိုင်)၁၀၆၃၁၄] [၁၂/မရက(နိုင်)၂၀၃၆၂၈]၊ အမှတ် – (ခ/၇၉)၊ ကျွန်းရွှေဝါလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်တွင်နေထိုင်သူက ဦးမြင့်ဇော်သိန်း (ဘ) ဦးမင်းဇော်[၁၂/သကတ(နိုင်)၁၅၈၉၉၅]၊ အမှတ်(၁၀၈၇) ပထမထပ်၊ ယသဝတီလမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင်နေထိုင်သူသို့ လွှဲအပ်ခဲ့သည့် ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး (၂၈–၁၁–၂၀၂၂) ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၂၂၁၂၃/၂၀၂၂ ကို လုပ်ငန်းများပြီးစီးပြီဖြစ်၍ ယနေ့မှစ၍ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်အေးနွဲ့(ခ)အေးဝင်းခိုင်**
**[၁၂/မရက(နိုင်)၂၀၃၆၂၈]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုန်းမောင် (ရန်ကင်း)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၈၁၈)**
**အမှတ်–၄၈၈(မြေညီ)၊ သိမ်ဖြူလမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်။**
**ဖုန်း –၀၉–၂၅၄၃၈၃၂၅၇၊ ၀၉–၇၇၇၀၇၀၄၉၁၊ ၀၉–၉၆၂၀၃၇၅၈၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁–ထူပါရုံ)၊ ထူပါရုံ (၁၄) အရှေ့၊ (၁) ရပ်ကွက်၊ မြေကွက်အမှတ်–၁၅၀၈၊ မြေအမျိုးအစား နှစ် (၆၀) ဂရန်မြေ၊ ဧရိယာ (၂၄၀၀) စတုရန်းပေရှိသော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ (၅)ထပ်တိုက်၏ တတိယထပ်(၄)လွှာ(ခေါင်းရင်းခြမ်း) အကျယ်အဝန်း (၁၉x ၅၄) ပေတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင် လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသူ (ဘ) ဦးပေါ်ထွန်း၏သား ဦးဘစိန် [၁၂/ပဘတ(နိုင်)၀၂၇၁၀၄] ကိုင်ဆောင်သူထံမှ ဝယ်ယူရန်ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်း အဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြတ်စုထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၄၀၃၀)**
**ဖုန်း – ၀၉ ၅၁၈၇၂၈၀**
**အိမ်လိပ်စာ– အမှတ် (၈၄)၊ ကာယသုခလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ရုံးလိပ်စာ– ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းမြောက်ရပ်ကွက်၊ ပိတောက်(၅)လမ်း၊ မြေကွက်အမှတ်(၇၃၈)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂)၊ အကျယ်ပေ( $\frac{၆၄}{၈၈}$ x $\frac{၄၇}{၅၄}$ )ရှိ ဒေါ်ခင်စိုးယု [၁၂/ကမတ(နိုင်)၀၄၃၃၃၀] အမည်ပေါက်ခြံမြေ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား အပိုင်ရောင်းချခွင့်ရှိသူဟုဆိုသော ဦးစိုးမြတ်သူ [၁၄/ကလန(နိုင်)၁၀၃၆၁၈]ထံမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးခိုင်(LLB, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၂၃ )**
**၀၉– ၄၂၁၀၂၉၀၈၃**

## “ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန်ကြေညာခြင်း”

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အနောက်)ရပ်ကွက်၊ ရောဝဏ်လမ်း၊ မြခွာညိုအိမ်ရာ(ကွန်ဒို)အမည်ရှိ (၁၀)ခန်းတွဲ၊ (၈)ထပ်တိုက် အဆောက်အဦ၏ စတုတ္ထထပ်၊ အခန်းအမှတ်(၄၀၆)၊ ဧရိယာအကျယ်အဝန်း (၁၇၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း**နှင့် ယင်းကွန်ဒို တိုက်ခန်းပေါ်တွင် အခိုင်အမာ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တိုက်ခန်းအမည်ပေါက်သူများဖြစ်သော ဦးသူရအောင် [၁၂/သဃက(နိုင်) ၁၄၈၈၇၉]နှင့် ဒေါ်နီနီဝင်း [၁၂/သကတ(နိုင်) ၁၂၈၃၉၈]တို့မှ မိမိတို့သာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက် သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သူဇာဆက် တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၇၇၂)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၇၉၅၆၅၅၀၈၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၆)ရပ်ကွက်၊ လူနေရပ်ကွက်၊ အမှတ်(၁၈၄၇) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျားပေ–၄၀x အနံ ပေ–၆၀) ရန်ကုန်မြို့တော် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြို့မြေစာရင်းတွင် **ဦးစိုးဝင်း (ဘ) ဦးကြည် (MMN–၁၁၀၉၅၉)** မြေချပါမစ်အမျိုးအစား (**အမှတ်စဉ်–၂၉၂၄/၃၀–၁၀–၂၀၁၄**) အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူ ဒေါ်ခင်စိုးမြင့် (ဘ) ဦးမောင်စောမြ [၁၁/ပဏတ(နိုင်)၀၃၈၅၅၅] ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်လင်းထွန်း (LL.B, PGDB)**
**အထက်တန်းရှေ့နေ (စဉ်– ၅၅၇၁၁)**
**အမှတ်(၁၂၃/ခ)၊ သမာဓိလမ်း၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း– ၀၉–၂၅၃၈၈၀၂၇၈**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အထက(၁) G–12 မှ မနန်းအိစံ၊ အထက(ခွဲ)မရွှေး G–11မှ မရွှေနှင်းဖြူနှင့် အလက(ခွဲ) နန်းတော်ကုန်း၊ G–8 မှ မောင်ဟိန်းမင်းမြတ်တို့၏ ဖခင်အမည်မှန်မှာ ဦးကိုနိုင် [၉/သစန(နိုင်) ၁၄၅၈၇၃] ဖြစ်ပါကြောင်း။

## “အိမ်ခြံမြေ” ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသန်း [၁၂/လသယ(နိုင်) ၀၀၀၁၇၄]သည် **“ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–(လသယ–၁၃/တိုးချဲ့)၊ လူနေရပ်ကွက်အမှတ်– (၁)၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ်–(၄၀၈)၊ အိမ်အမှတ်–(၄၀၈/ခ) ဟုခေါ်တွင်သော အကျယ် (၂၀x၆၀)ပေရှိ ဦးမြင့်သိန်း (BX– ၀၀၃၀၆၆) အမည်ပေါက် မြေချပါမစ်မြေအမျိုး အစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး”**တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်သန်းသန်းဝင်း [၁၂/မရက(နိုင်) ၁၄၁၂၄၁]ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်း အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာ ပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသဉ္ဇာသိန်း (LL.B) (စဉ်– ၁၄၅၉၈) ဒေါ်ပွင့် သူဇာ(LL.B) (စဉ်–၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း– ၀၉–၄၂၁၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၄) (ယခင် သကမ–၈)၊ မန္တလေးလမ်း၊ မြေကွက်အမှတ်(၃၉/က)၊ (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဦးစိုးတင့် အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကျော်စိုးမိုး [၆/မအရ(နိုင်) ၁၀၀၈၇၄]မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်း အဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်း များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph: 09–954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09–420080932, 09–983837110** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၄) (ယခင် သကမ–၈)၊ မန္တလေးလမ်း၊ မြေကွက်အမှတ် (၃၉/ခ)၊ (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ဦးအေးမောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကျော်စိုးမိုး [၆/မအရ(နိုင်) ၁၀၀၈၇၄]မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်း အဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်း များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph: 09–954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09–420080932, 09–983837110** |

## ကန့်ကွက်နိုင်ပါသည်

